# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## မြန်မာအမျိုးသားလေကြောင်းကို (၇၅)နှစ် စိန်ရတုတိုင် ရှင်သန်ရပ်တည်နိုင်ရေး ခေတ်အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ပေးကြသူများ၊ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines – MNA) ၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Melia Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊


*စာမျက်နှာ ၃ ကော်လံ ၁ ◆*


**ယနေ့ ဖတ်စရာ**

### အဂ္ဂဂေဟာ နတ်ဝှက်သစ်ပင် (သို့မဟုတ်) ကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်း


သေးငယ်လတ်စီးပွားရေးလုပ်ငန်း | စာ ၁၁




### အကြိမ်(၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ ကုမ္ပဏီပေါင်း ၂၀၀၀ နီးပါး တက်ရောက်


နိုင်ငံတကာသတင်း | စာ ၁၃

# ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ် ငြိမ်းချမ်းစွာဖြင့် ရောက်ရှိနိုင်ရေး

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့မှုသည် လာမည့်အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရှစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှု၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လွန်ခဲ့သည့် ရှစ်နှစ်တာကာလက တခမ်းတနား လက်မှတ်ရေးထိုး သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ NCA စာချုပ်သည် Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်တွင်မှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမည့် စာချုပ်လည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းတွင် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရာတွင် အဓိကအခြေခံအချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တို့အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တပ်မတော်က ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သည့်အားလျော်စွာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ရိုးသားမှုမရှိသော နည်းလမ်းများဖြင့် အနိုင်ရရှိရေးဆောင်ရွက်ခဲ့မှုများနှင့် မဲစာရင်းကွဲလွဲမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ရာမှ မိမိတို့နိုင်ငံတွင် အရေးပေါ်ကာလပေါ်ပေါက်ခဲ့ရသလို တပ်မတော်က နိုင်ငံတော်တာဝန်များကို ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။ တစ်နည်းအားဖြင့် နိုင်ငံတွင် တိမ်းစောင်းသွားခဲ့သည့် ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်ကြိုးပမ်းတည့်မတ်နေရခြင်းလည်းဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံရေး မကျေနပ်ချက်များနှင့် ဆန့်ကျင်အုံကြွမှုများ ပေါ်ပေါက်လာသလို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ ပြည်တွင်း၌ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်ပမှနေ၍ အားပေးထောက်ပံ့မှုများလည်း ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတွင် ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွင်း တုံ့ပြန်မှုအမျိုးမျိုးရှိခဲ့သည့်အနက် ရိုးသားမှုမရှိသော EAO အချို့က အခွင့်အခါကောင်းအဖြစ် ရှုမြင်ခဲ့ကြသော အချက်အလက်များကို ထင်ထင်ရှားရှားတွေ့ရှိရသည်။ ပွဲလန့်တုန်းဖျာခင်းလိုသူ၊ မိုးရွာတုန်းရေခံလိုသူတို့ကိုလည်း တွေ့ရသည်။ ယင်းတို့အနက် "NCA စာချုပ်ကို KNU ကရင်အမျိုးသားအစည်းအရုံးက တရားဝင်ပျက်ပြယ်ကြောင်း ထုတ်ပြန်ကြေညာခြင်းမရှိသည့်အပြင် တပ်မဟာ (၇) ဘားအံခရိုင်အနေဖြင့် နယ်မြေဒေသတည်ငြိမ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် NCA ကို အခြေခံလျက် ပြည်သူ့အကျိုးကို ရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာလာနိုင်ကြရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" KNU တပ်မဟာ (၇) ဘားအံခရိုင်က ထုတ်ပြန်လိုက်ရာ နိုင်ငံ့ငြိမ်းချမ်းရေးအတွက် စိတ်မအေးရသည့် တိုင်းရင်းသားပြည်သူများအတွက် စိတ်သက်သာဖွယ်တစ်ခု ရလိုက်ခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများမှာ အချိန်ကာလအတိုင်းအတာတစ်ရပ်တွင် ပြီးဆုံးသွားမည်သာဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ နိုင်ငံတည်သရွေ့ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း သယ်ပိုးထမ်းရွက်သွားကြရမည်ဖြစ်သည့်အလျောက် မိမိတို့ခေတ်၏ သမိုင်းပေးတာဝန်များကို ကျေပွန်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးဖိုရမ် တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက Nanning International Convention and Exhibition Center (NICEC) တွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေး ဖိုရမ်သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ မန္တလေးမြို့သည် မြန်မာ-တရုတ် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့် တရုတ်-မြန်မာ မီးရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(CMEC)စီမံကိန်း၊ မဟာ မဲခေါင်ဒေသခွဲ (GMS) ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့် တောင်မြောက်စီးပွားရေးစင်္ကြံများဖြင့် ချိတ်ဆက်နေသည့် ကုန်သွယ်ရေး လမ်းကြောင်းများ၏ ဗဟိုချက်တွင် တည်ရှိသောကြောင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ နှစ်လိုဖွယ်ရာမြို့တော် (City of Charm)အဖြစ် ရွေးချယ်ပြသခြင်း ဖြစ်ကြောင်း၊ မန္တလေးမြို့သည် ဒေသတွင်း ကုန်သွယ်ရေး လမ်းကြောင်းများဖြစ်သော စီးပွားရေးစင်္ကြံလမ်းကြောင်းများ၏ လမ်းဆုံ၌ တည်ရှိကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် အလားအလာရှိသည့် စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း အလေးအနက်ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဦးသိန်းဌေးတို့က အဖွင့်အမှာစကားများ ပြောကြားသည်။ အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံမှ အစိုးရ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တရုတ်နိုင်ငံမှ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာဟွမ်ကျွင့်ဟွာနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ ဖိုရမ်တွင် မန္တလေးမြို့သာစက်မှုဇုန်စီမံကိန်း၊ အမရပူရ ခရီးသွားစီမံကိန်း၊ မင်္ဂလာမန္တလေးစီမံကိန်း၊ ရေတံခွန်တောင်မြို့တော်စီမံကိန်းနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ ကဏ္ဍများနှင့် ပတ်သက်၍ သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

မန္တလေးတိုင်း ဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေး ဖိုရမ်တွင် Cooperation Agreement of Luban Workshop Operation Project in Myanmar ၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ နှစ်ရပ်၊ ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ပျားရည်ရောင်းဝယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် စသည့် သဘောတူညီချက် ငါးရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း



**ပခုက္ကူ စက်တင်ဘာ ၁၆**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ယနေ့နံနက်၉နာရီက ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့သွေးလှူဒါန်းရာတွင် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၄၇ ဦးတို့က သွေးလှူဒါန်းကြပြီး ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇေယျာလင်းအောင်နှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးတို့က လိုက်လံကြည့်ရှုအားပေးကာ သွေးလှူရှင်များအတွက် အာဟာရဖြစ်သည့် စားသောက်ဖွယ်ရာများကို ပေးအပ်စကြသည်။ **ဘာမီသာ(ပခုက္ကူ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines – MNA) ၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

◆ *ရှေ့ဖုံးမှ*

ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အောင်မြင်မှုမှတ်တိုင်များ စိုက်ထူ**

ထို့နောက် အခမ်းအနားကို LED Annimation ဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် လေယာဉ်ခရီးစဉ်များ၊ လေကြောင်းလိုင်း ပြေးဆွဲမှုများဟု ပြောလိုက်ပါက မိမိအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ရင်ထဲ၌ အရင်ဦးဆုံး ပြေးမြင်မိသည်မှာ UBA နှင့် BAC ပင် ဖြစ်ပါကြောင်း၊ **မြန်မာ့လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသည့် UBA နှင့် BAC သည် ပြည်တွင်းလေကြောင်းခရီးစဉ်များကိုသာမက ဒေသတွင်း ပြည်ပနိုင်ငံများနှင့် ခရီးစဉ်များကိုပါ ပြေးဆွဲခဲ့ပြီး သမိုင်းတစ်ခေတ်တွင် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့**သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့်လည်း ပြည်သူလူထု၏ရင်ထဲတွင် ရှိနေခဲ့ခြင်းဖြစ်ပြီး ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ပါကြောင်း၊ **လေကြောင်းပို့ဆောင်ရေးစနစ် အောင်မြင်နိုင်ရေးဆိုရာတွင် လေကြောင်းလိုင်းများ၏ လေယာဉ်အမှုထမ်းများ စွမ်းရည်ကောင်းမွန်မှုသာမက လေယာဉ်ကွင်းများ၊ လေဆိပ်ဝန်ဆောင်မှုများလည်း ကောင်းမွန်ရန်လို**ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လေယာဉ်ပြေးလမ်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ပေးနေသကဲ့သို့ လေဆိပ်ဝန်ဆောင်မှုများ ကောင်းမွန်စေရန်လည်း ဖြစ်နိုင်သမျှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေပါကြောင်း၊ အလားတူ လေဆိပ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအသီးသီး၏ စွမ်းဆောင်ရည် ကောင်းမွန်ရန်လည်း လိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လေကြောင်းခရီးနှင့် သွားလာခြင်းသည် ငွေကြေးကုန်ကျမှုများသော်လည်း အချိန်တိုအတွင်း လိုရာခရီးသို့ရောက်နိုင်ပြီး လုပ်ငန်းတွင်ကျယ်မှုလည်း ရှိစေပါကြောင်း၊ ထို့ကြောင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို အလေးအနက်ထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။



မြန်မာအမျိုးသားလေကြောင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်တွင် **"ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့" (Union of Burma Airways – UBA)** အမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၇၂ ခုနှစ်တွင် **"လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း" (Burma Airways Corporation–BAC)**၊ ၁၉၈၉ ခုနှစ်တွင် **"မြန်မာ့လေကြောင်း"(Myanma Airways–MA)**၊ ၂၀၁၅ ခုနှစ်တွင် **"မြန်မာအမျိုးသားလေကြောင်း" (Myanmar National Airlines – MNA)** အဖြစ် အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြည်တွင်း၊ ပြည်ပလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ထမ်းဆောင်ခဲ့ပါကြောင်း။

**ဆက်လက်ထိန်းသိမ်းဆောင်ရွက်**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် **နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို မျှော်မှန်းပြီး ခေတ်အဆက်ဆက် နိုင်ငံတော်ကပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ကောင်းမွန်သည့် အစဉ်အလာနှင့်သမိုင်းကြောင်းကို ထာဝစဉ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်း**လိုပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဝေးလံပြီး သွားလာမှုခက်ခဲသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စရပ်များ အဆင်ပြေစွာဖြင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ရန်နှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်ပျံသန်းပို့ဆောင်နေသည့် လေကြောင်းလိုင်းဖြစ်သည်နှင့်အညီ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းပြောကြားစဉ်။

ပြည်ပခရီးစဉ် ပျံသန်းမှုများအနေဖြင့်လည်း ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယစသည့်နိုင်ငံများကို ပုံမှန်ခရီးစဉ် (Schedule Flight)များ ပျံသန်းနေသည့်အပြင် ဗုဒ္ဓဂယာဘုရားဖူး စင်းလုံးငှား (Char-ter Flight) ခရီးစဉ်များကိုလည်း ပျံသန်းပြေးဆွဲလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မကြာမီတွင်လည်း ဒေသတွင်းနိုင်ငံများသို့ Cargo လေယာဉ်ခရီးစဉ် စတင်ပျံသန်းမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် လေကြောင်းကုန်စည်ပို့ဆောင်မှုကဏ္ဍတွင် MNA အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး အောင်မြင်စေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းပါကြောင်း။

**ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပျံသန်း**

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးနိုင်ငံတိုင်း၏ စီးပွားရေးကဏ္ဍကျဆင်းမှုဖြစ်ခဲ့ရသကဲ့သို့ လေကြောင်းခရီးသွားလာပို့ဆောင်မှုအပေါ်တွင်လည်း များစွာသက်ရောက်မှုရှိခဲ့ပါကြောင်း၊ ယခုပြန်လည်နာလန်ထူလာပြီး ခရီးစဉ်ပေါင်းများစွာ၊ လေယာဉ်ပေါင်းများစွာ တိုးချဲ့ပြေးဆွဲနေသည်ကိုတွေ့ရပါကြောင်း၊ ထိုကဲ့သို့ တိုးချဲ့ပြေးဆွဲနိုင်ခြင်းသည် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အကျိုးဖြစ်ထွန်းမှုရှိခြင်းကြောင့်သာဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့်လည်း **"ကမ္ဘာကြည့် ကြည့်မြင်"** ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလ လေကြောင်းခရီးသွားစီးပွားရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည့် အချိန်ကာလကို ရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဈေးကွက်သုတေသနကို အလေးထားပြုလုပ်စေလိုပါကြောင်း၊ **ပြောင်းလဲတိုးတက်လာသည့် အခြေအနေနှင့်လိုက်လျောညီထွေစွာ ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ်မူတည်ပြီး လေယာဉ်စင်းရေတိုးချဲ့မှုများ၊ လက်ရှိပြေးဆွဲနေသည့် ခရီးစဉ်များကို ခေါက်ရေတိုးမြှင့်ပြေးဆွဲမှုများ၊ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲမှုများ ဆောင်ရွက်သွားရန် ကြိုးစားသွားရမည်ဖြစ်**ပါကြောင်း၊ ကုန်စည်ပို့ဆောင်ရေးခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲပျံသန်းရန် စီစဉ်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ပို့ကုန်၊ သွင်းကုန်ကို တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးရာရောက်မည်လည်း ဖြစ်ပါကြောင်း။

**ရေရှည်ရှင်သန်ရပ်တည်သွားနိုင်မည်**

လေကြောင်းလိုင်းကို ဦးစီးတာဝန်ယူဆောင်ရွက်နေသူများကအစ အောက်ခြေဝန်ထမ်းများအဆုံး အားလုံးက တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ပိုင်စီးပွားရေးကဲ့သို့ သဘောထားဆောင်ရွက်သွားကြမှသာလျှင် တိုးတက်အောင်မြင်မှု ရနိုင်မည်ဖြစ်ပြီး ရေရှည်ရှင်သန်ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်းကိုလည်း မှာကြားလိုပါကြောင်း။

*စာမျက်နှာ ၄ သို့*

မြန်မာ့အလင်း တနင်္ဂနွေ၊ စက်တင်ဘာ ၁၇၊ ၂၀၂၃




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

လေကြောင်းနှင့် ခရီးသွားကြသူများသည် အချိန်တိုအတွင်း မိမိသွားလိုသည့် နေရာကို ရောက်ရှိလိုကြသူများဖြစ်သည့်အတွက် ခရီးစဉ်များ ပျံသန်းပြေးဆွဲရာမှာ အချိန်မှန်ကန်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် Connection Flight နှင့် ဆက်သွားကြရမည့် ခရီးသည်များအတွက် အဆင်ပြေမှုရှိစေမည်ဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်း၏ခရီးစဉ်များ အချိန်မှန်မှုရှိလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် မြန်မာအမျိုးသားလေကြောင်းအပေါ် ယုံကြည်အားကိုးလာကြမည်ဖြစ်ပြီး အခြားလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ရာတွင် ခရီးသွားများရွေးချယ်မှုအများဆုံးအခြေအနေသို့ ရောက်ရှိလာမည်ကို အလေးအနက်ထားပြီးမှာကြားလိုပါကြောင်း။

ပြည်တွင်း၊ ပြည်ပ ခရီးသည်များ မြန်မာအမျိုးသားလေကြောင်းနှင့် ခရီးသွားရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးသည်လည်း အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် Rules and Regulation များ၊ SoP များကိုလည်း တိကျစွာလိုက်နာကြရန် လိုကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**မြန်မာအမျိုးသားလေကြောင်းကို (၇၅) နှစ်၊ စိန်ရတုတိုင် ရှင်သန်ရပ်တည်နိုင်ရေး ခေတ်အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ပေးကြသူများ၊ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြုပါ**ကြောင်းနှင့် မြန်မာအမျိုးသားလေကြောင်း အနာဂတ်ကာလ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးအဖွဲ့က ဦးဆောင်ပြီး ပါဝင်ဆောင်ရွက်နေကြသည့် ကဏ္ဍအလိုက် ဦးဆောင်တာဝန်ခံများ၊ ဝန်ထမ်းများအားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **မြန်မာအမျိုးသားလေကြောင်း အစွန့်ရှည်အောင်မြင်စွာ ရပ်တည်နိုင်ပါစေ**ကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာအမျိုးသားလေကြောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

ယင်းနောက် မြန်မာအမျိုးသားလေကြောင်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းပြောကြားရာတွင် မြန်မာအမျိုးသားလေကြောင်း စတင်ဖြစ်ပေါ်ခဲ့မှုနှင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲဖွဲ့စည်းခဲ့မှု၊ နိုင်ငံတော်၏ လေကြောင်းသယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍကို ဦးဆောင်ခဲ့ပြီး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့မှု၊ နိုင်ငံတကာအဆင့်မီ လေကြောင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံတော်၏ လေကြောင်းသယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲတိုးတက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာအမျိုးသားလေကြောင်း သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်မှ ကူညီပံ့ပိုးပေးလျက်ရှိသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူများအားလုံးကို မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာအမျိုးသားလေကြောင်း(MNA)မှ လေယာဉ်မောင်မယ်များက MNA ခေတ်လေးခေတ်၏ Uniform Fashion များဝတ်ဆင်၍ စိန်ရတုနှစ်ပတ်လည်နေ့ဂုဏ်ပြုတေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ ထို့နောက်မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အမှတ်တရဂုဏ်ပြု Video Clip ကို ဖွင့်လှစ်ပြသသည်။

### ကြည့်ရှုအားပေး

ဆက်လက်ပြီး နိုင်ငံတော်သံစုံတီးဝိုင်း၏ တီးခတ်မှုဖြင့် နိုင်ငံကျော်တေးသံရှင်များ၏ ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများ၊ မြန်မာ့ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

သီဆိုကပြဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်းမှ ပညာရှင်များ၊ မြန်မာ့ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များ၊

*စာမျက်နှာ ၅ သို့*

- ❖ **မြန်မာအမျိုးသားလေကြောင်းအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို မျှော်မှန်းပြီး ခေတ်အဆက်ဆက် နိုင်ငံတော်က ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ကောင်းမွန်သည့် အစဉ်အလာနှင့် သမိုင်းကြောင်းကို ထာဝစဉ်ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလို**
- ❖ **ပြောင်းလဲတိုးတက်လာသည့်အခြေအနေနှင့် လိုက်လျောညီထွေစွာ ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ် မူတည်ပြီး လေယာဉ်စင်းရေတိုးချဲ့မှုများ၊ လက်ရှိပြေးဆွဲနေသည့် ခရီးစဉ်များကို ခေါက်ရေ တိုးမြှင့်ပြေးဆွဲမှုများ၊ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲမှုများ ဆောင်ရွက်သွားရန် ကြိုးစားသွားရမည်**
- ❖ **လေကြောင်းနှင့် ခရီးသွားကြသူများသည် အချိန်တိုအတွင်း မိမိသွားလိုသည့်နေရာကို ရောက်ရှိလိုကြသူများဖြစ်သည့်အတွက် ခရီးစဉ်များပျံသန်းပြေးဆွဲရာမှာ အချိန်မှန်ကန်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ နိုင်ငံတော်သံစုံတီးဝိုင်း၏ တီးခတ်မှုဖြင့် နိုင်ငံကျော်တေးသံရှင်များ၏ ဂုဏ်ပြုသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံကျော်တေးသံရှင်များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာအမျိုးသားလေကြောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြကွက်တစ်ခုချင်းအလိုက် စိတ်ဝင်တစား လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်ပြခန်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုခြင်းဖိုရမ်သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ် - အာဆီယံ နျူကလီးယား နည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုခြင်းဖိုရမ်သို့ တက်ရောက်သည်။

အဆိုပါဖိုရမ်တွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံ့ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပြည်သူ့လူမှုစီးပွားဘဝ မြင့်မားရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSMEs ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့်ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရန်ရှိကြောင်း၊ သို့ဖြစ်ရာ ယင်းလုပ်ငန်းများ တိုးတက်ရန် ပံ့ပိုးပေးမည့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုမှုဆိုင်ရာ သုတေသနများ၊လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုနယ်မြေ၌ အရည်အသွေးမြင့်မားသည့် ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် မျှော်မှန်းထားလျက်ရှိရာ ဖိုရမ်ဆောင်ပုဒ်ဖြစ်သည့် "Atoms for Better Home" နှင့် ကိုက်ညီထင်ဟပ်နေကြောင်း၊ နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုရေး၊ ဘေးကင်းစေရေး



အစီအမံများနှင့် ထိန်းချုပ်စောင့်ကြပ်ရေးအဆင့်မြှင့်တင်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ခိုင်မာသော ကတိကဝတ်များကို ထပ်မံအတည်ပြုခဲ့ပြီးဖြစ်ကာ အာဆီယံအဏုမြူစွမ်းအင်ကြပ်မတ်ရေး ဌာနများကွန်ရက် (ASEANTOM) အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ASEANTOM-IAEA ၏ နျူကလီးယားလုံခြုံရေးနှင့် ဓာတ်ရောင်ခြည် အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများဆိုင်ရာစီမံကိန်းတွင်လည်း ပါဝင်ဆောင်ရွက်နေကြောင်း၊ IAEA ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် နျူကလီးယားသိပ္ပံနှင့် နည်းပညာအသုံးချရေးများအပြင် စွမ်းရည်မြှင့်တင်ရေးများ ဆောင်ရွက်နေကြောင်း ဆက်လက်ပြောကြားသည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် တရုတ်အဏုမြူစွမ်းအင်အေဂျင်စီ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ တရုတ်အမျိုးသားနျူကလီးယားကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌတို့နှင့်လည်း တွေ့ဆုံခဲ့ပြီး စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ မြှင့်တင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် နျူကလီးယားနည်းပညာကို အသုံးချခြင်းအပြင် သုတေသနနှင့် လူ့စွမ်းအားရင်းမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ချောက်ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ချောက် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ချောက်ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချောက်မြို့ အ.ထ.က(၁)ကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငွေးကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝေဖြိုးဇော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊အဖွဲ့ဝင် (၃) ဦးစန်းဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး - ဒုရဲမှူးကြီးချမ်းမြေ့ဝင်း၊ ခရိုင်ပညာရေးမှူး ဦးမန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ချောက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဧည့်ခံဖျော်ဖြေရေး အဖွဲ့များက အကအလှသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို သက်ဆိုင်ရာဘာသာရပ်များအလိုက် ချောက်၊ ရေနံချောင်းမြို့နယ်များမှ ပြိုင်ပွဲဝင် ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ၊ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ တာဝန်ရှိသူများက ဂုဏ်ပြုကတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သိမ့်ဝါ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်ကျော် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ ဆေးရုံးဝင်းအတွင်းရှိ ချုံနွယ်များ၊ ရေနုတ်မြောင်းများ၊ အမှိုက်များ၊ သစ်ပင်သစ်ကိုင်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ လှမိုး(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံဆွေးနွေး၊ ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်



**မြစ်ကြီးနား စက်တင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် တရားရေးဝန်ထမ်းများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေအရာရှိများ၊ ပြည်နယ် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဥပဒေအထောက်အကူပြုအဖွဲ့များ၊ ရှေ့နေအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာတရားရေးအဖွဲ့၊ ဌာနဆိုင်ရာများ အချင်းချင်းချိတ်ဆက်၍ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားရေးဦးစီးမှူးတို့က တရားရေးဆိုင်ရာ အမှုအခင်းများနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်က ဌာနဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြုခြင်းဆိုင်ရာလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးက တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်အဖွဲ့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မဲစာရင်းမှန်ကန်မှု ရှိစေရေး ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့တွင် အချင်းချင်းထိန်းညှိဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် လေကြောင်းခရီးစဉ်ဖြင့် ပူတာအိုခရိုင် ပူတာအိုမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည်ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် သိန်း ၃၅၀ ပံ့ပိုးမှုဖြင့် ဒေသတွင်းပထမဆုံး တည်ထောင်ဖွင့်လှစ်ထားသည့် ဆန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် တစ်ရက်လျှင် ဆန် ၁၈ တန်ကျ ဆန်စက်လုပ်ငန်းကို သွားရောက်ကြည့်ရှုကြပြီး (ဝဲပုံ) လိုအပ်ချက်/ အခက်အခဲများကို မေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အဆိုပါရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၁၀ သိန်း ပံ့ပိုးမှုဖြင့် မွေးမြူရေးတောင်သူ ဦးမကူနော်အောင်၏ ငါးမွေးမြူရေးကန်၌ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမ၊ ငါးဂလာ၊ ငါးလိုင်၊ တီလားပီးယားငါးနှင့်ဒေသမျိုးရင်း ငါးနီငါးကောင်ရေ တစ်သောင်းကျော် မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဂျိမ်းဖေဖာစာပေနှင့် ယဉ်ကျေးမှုအသင်း အသင်းပိုင်ရုံးတည်ဆောက်ရာတွင် အကူအညီပေးနိုင်ရေး၊ မနောကွင်းမြေနေရာ ရရှိရေးနှင့် လိုအပ်ချက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံသမိုင်းပြခန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၆

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ (အင်းစိန်)အတွင်း၌ တည်ဆောက်ထားရှိသည့် ဆေးဝါးစက်ရုံ သမိုင်းပြခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ဦးစွာပြည်ထောင်စုဝန်ကြီးက စက်ရုံမှူးနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ပြသထားသည့်စက်မှုသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ စက်ပစ္စည်းများ ပြည့်စုံစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်သည့် စက်ပစ္စည်းများ၏ အလုပ်လုပ်ကိုင်ပုံ၊ ထုတ်နိုင်စွမ်းကို ဆေးဝါးပညာသင်များ နားလည်လွယ်ကူစေရန် ပုံစံကားချပ်များ ရေးဆွဲဖော်ပြရန်၊ အဆိုပါကားချပ်များကို မှတ်တမ်းစာအုပ်ပြုစုထားရှိရန်၊ စက်အမျိုးအစားတစ်ခုချင်းစီ၏ လုပ်ဆောင်ပုံများကိုလည်း ဆေးထုတ်လုပ်ရေးပညာသင်လေ့လာသူများ ရှင်းလင်းစွာ လေ့လာသိရှိနိုင်စေရေးအတွက် ပြုစုပြသသွားရန် လိုကြောင်း၊ ဆေးဝါးစက်ရုံ သမိုင်းပြခန်း၏ ဖွဲ့စည်းပုံအား ဆေးဝါးစက်ရုံ (အင်းစိန်)၏ ဖွဲ့စည်းပုံအတွင်းမှ ဆောင်ရွက်ရန်။

ဆေးဝါးထုတ်လုပ်သူ ပညာရှင်များ၊ ဆေးဝါးဗေဒပညာရှင်များ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ အင်ဂျင်နီယာများ လေ့လာရာတွင် အထောက်အကူ ဖြစ်စေမည့် မှတ်တမ်းအထောက်အထားများ၊ ဆေးဝါးထုတ်လုပ်မှုနှင့် သက်ဆိုင်သောကျမ်းစာအုပ်များ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သင်တန်းများ၏ သင်ရိုးမာတိကာများ၊ သင်ရိုးညွှန်းတမ်းများအားပြုစု၍ စုံလင်စွာပြသနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် ဆေးဝါးစက်ရုံသမိုင်းပြခန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် ပညာရှင်၊ အတတ်ပညာရှင်နှင့် အဖွဲ့အစည်းများကို မှတ်တမ်းတင်ထားရှိရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံသမိုင်းပြခန်းအတွင်း၌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်



**မကွေး စက်တင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Antonio Guterrus ၏ Video Message ၊ UNEP ၏ အမှုဆောင်အရာရှိ Ms. Inger Andersen ၏ Video Message နှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် (ဝဲပုံ) နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြို အသိပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်များတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဟောပြောပွဲများ၊ Talk Show များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပြီး စက်တင်ဘာ ၁၆ ရက်တွင်လည်း အခြေခံပညာ ကျောင်းများတွင် အသိပညာပေး ဟောပြောပွဲများ ဆက်လက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမျှထန် ဖလမ်းမြို့နှင့် တီးတိန်မြို့တို့တွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ

ဖလမ်း စက်တင်ဘာ ၁၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမျှထန်သည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဖလမ်းမြို့ နယ်မြေခံတပ်ရင်းအစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမျှထန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ် ချမှတ်၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အဓိကသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန် လိုကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကို အထူးဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးသည် အရေးကြီးသည့်အတွက် ချင်းပြည်နယ်အတွင်း လိုအပ်သည့် ဆရာဝန်၊ သူနာပြုများ ဖြည့်ဆည်းပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကား ပြောကြားသည်။

ထို့နောက် ဖလမ်းမြို့ မြို့မိမြို့ဖများက ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့် ပတ်သက်၍လိုအပ်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြရာ မြို့မိမြို့ဖ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမျှထန်နှင့် အဖွဲ့သည် တီးတိန်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်လျက်ရှိရာ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရရှိရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတော်အစိုးရက ကျန်းမာရေး၊ ပညာရေး၊ လူငယ်ကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ကေများ ပြည့်မီစွာစိုက်ပျိုးရန်လိုကြောင်း၊ သမဝါယမကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုယ့်ကျင့်တရားကောင်းမွန်ရေးအတွက် ကလေးအရွယ်မှစ၍ အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တီးတိန်မြို့ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ခရီးစဉ်တွင် လိုက်ပါလာသည့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူတို့က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဂျုံ၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေသြဇာများကို တောင်သူများထံ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အမှတ်တရလက်ဆောင်များကို ပေးအပ်ကြရာ မြို့မိ မြို့ဖ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပကို အလုပ်သမားများ တရားဝင်စေလွှတ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် လက်ရှိဆောင်ရွက်နေသည့် အေဂျင်စီ ၄၆၇ ခုရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MOEAF) ၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။





အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနိုင်၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MOEAF) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၁)နှင့်(၂)၊ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ချုပ်မှ အဖွဲ့ဝင်အေဂျင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်း ကော်မတီများအနေဖြင့် မှန်မှန်ကန်ကန် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပြည်ပကို အလုပ်သမားများ တရားဝင်စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၄၇၇ ခု၊ ယာယီ ပိတ်သိမ်းထားသည့် အေဂျင်စီ ၁၀ ခု၊ လက်ရှိဆောင်ရွက်နေသည့် အေဂျင်စီ ၄၆၇ ခု ရှိကြောင်း၊ (ထိုင်း) လိုင်စင်ရ အေဂျင်စီ ၁၅၈ ခုရှိပြီး ယာယီ ပိတ်သိမ်းသည့် အေဂျင်စီ ရှစ်ခု ရှိသဖြင့် လက်ရှိဆောင်ရွက်နေသည့် (ထိုင်း) လိုင်စင်ရအေဂျင်စီ ၁၅၀ ရှိပါကြောင်း။

ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီနှင့် အလုပ်သမားတို့အကြား ချုပ်ဆိုမည့် စံစာချုပ်ကို စက်တင်ဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ အားလုံးကို အကြောင်းကြားထားပြီး ဖြစ်ကြောင်း၊ ထိုစာချုပ်အရ မိသားစုလွှဲပို့ငွေများမှ လစဉ်အခြေခံလစာ၏ ၂၅ ရာခိုင်နှုန်းကို တရားဝင်လမ်းကြောင်းဖြင့် လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း၊ အလုပ်သမားများအနေဖြင့် ပြည်ပမှ တရားဝင်လွှဲပေးပို့နိုင်သည့် နည်းလမ်းများနှင့် အကျိုးကျေးဇူးများကို ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရာတို့တွင် အလုပ်သမားများအား ရှင်းပြပေးရန်လိုအပ်ကြောင်း၊ တရားဝင်လမ်းကြောင်းမှ လွှဲပို့သည့်အတွက် မိခင်နိုင်ငံ၏ ဝင်ငွေတစ်ခုအဖြစ် ပြန်လည် ဝင်ရောက်လာမည်ဖြစ်သကဲ့သို့ ၎င်းအလုပ်သမားများ၏ မိသားစု လူမှုစီးပွားကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် သွားရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်းကို ယခင်က အလုပ်သမားများ နေထိုင်ရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ချုပ်ဆိုခွင့်ပြုရာမှ အချိန်ကုန်သက်သာစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း တစ်ခုတည်းတွင် ချုပ်ဆိုခြင်းကို စက်တင်ဘာ ၁၁ ရက်က စတင်ခွင့်ပြုပေးပြီးဖြစ်ကြောင်း ပြောကြားသည်။**(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ပင်မဆေးသိုလှောင်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ်ရှိ လူမှုဖူလုံရေး – ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်းသို့ သွားရောက်ပြီး အကျိုးဝင်အာမခံ အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကိုကြည့်ရှုစစ်ဆေး၍ အာမခံအလုပ်သမားများကို အားပေးစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အကျိုးဝင်အာမခံ အလုပ်သမား ၈၉၂၀၀၀ ကျော် ရှိပြီး အဆိုပါ အာမခံ အလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ထန်းတပင်အလုပ်သမားဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ ဌာနကြီးဆေးခန်း ၁၈ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ စာချုပ်ဆေးခန်း ၃၀၊ မီးဖွားခြင်းဆိုင်ရာဝန်ဆောင်မှုဆောင်ရွက်သည့် ဆေးခန်း ၁၀ ခန်းတို့ ဖွင့်လှစ်၍ ဝန်ဆောင်မှုဆောင်ရွက်ပေးလျက် ရှိသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာမခံအလုပ်သမား လူနာပေါင်း ၇၂၈၈၆၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် အကျိုးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် Fee For Service Payment ဆေးခန်း ၂၀၊ Capitation Payment ဆေးခန်း ၂၆၊ သားဖွားမီးယပ် ပြင်ပလူနာဝန်ဆောင်မှု (Specialist OG OPD care) ၁၅ ခန်းနှင့် မီးဖွားမှုဝန်ဆောင်မှုဆေးခန်း ၁၂ ခန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိရာ နေပြည်တော် ကောင်စီနယ်မြေတွင် ဇန်နဝါရီလမှ ဩဂုတ်လအထိ လူနာဦးရေ ၂၉၃၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် ၅၄၆ ဒသမ ၂၀၆ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ မြောက်ဦးခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု




**စစ်တွေ စက်တင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ ကျောက်တော်၊ မြောက်ဦးနှင့် ကျောက်ဖြူမြို့နယ်များသို့ သွားရောက်ပြီး အဆိုပါမြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံကြကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေနှင့်အဖွဲ့သည် ကျောက်တော်မြို့သို့ရောက်ရှိပြီး စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အလားအလာကောင်းများစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ရာ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များသည် စိုက်ပျိုးရေးကဏ္ဍတွင် ပြည်နယ်၏ အဓိက အားထားရသော မြို့နယ်များဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နည်းစနစ်မှန်စွာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းနှင့် ရခိုင်ပြည်နယ်၏ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော မြို့မိ မြို့ဖများ၊ တောင်သူများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောက်တော်တောင်ဘုရား၌ ခတ်လှေကားတည်ဆောက်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၁၀၀ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက လှူဒါန်းငွေများကို ပေးအပ်ပြီး ကျောက်တော်မြို့နယ် ရှေးဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဘုရားကြီးသိမ်တော်ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြောက်ဦးမြို့သို့ သွားရောက်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး(**အပေါ်ပုံ**) ဒေသခံပြည်သူများက သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်ဖြူမြို့သို့ သွားရောက်ပြီး ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော မြို့မိ မြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၇) ကြိမ်မြောက် တရုတ် - အာဆီယံ တိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ဒုတိယနေ့ဆက်လက်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် တရုတ် - အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ဖန်ချန်းကန်မြို့ရှိ တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီးပွားရေးဇုန် တည်ထောင်ဖွင့်လှစ်ထားရှိမှု အထိမ်းအမှတ်ပြခန်းကို သွားရောက်လေ့လာကြသည်။**(ယာပုံ)



ရှေးဦးစွာ တာဝန်ရှိသူများက တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးဇုန်ဖြစ်ပေါ်လာပုံ၊ ထုတ်လုပ်လျက်ရှိသည့် တိုင်းရင်းဆေးဝါးများအကြောင်း၊ တိုင်းရင်းဆေးပင် မျိုးစိတ်များအကြောင်း၊ တိုင်းရင်းဆေးဝါး တစ်မျိုးစီ၏ အသုံးပြုပုံများကို အသေးစိတ် လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ယင်းနောက် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ပြခန်းအတွင်း ပြသထားသည့် တိုင်းရင်းဆေးဝါး ကုန်ကြမ်းများ၊ ကုန်ချောများ၊ တိုင်းရင်းဆေးပင်များအား လိုက်လံကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

(၇) ကြိမ်မြောက် တရုတ် - အာဆီယံ တိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့နံနက်ပိုင်းက တိုင်းရင်းဆေးဝါးနှင့် ကုန်ကြမ်းများအရည်အသွေးစစ်ဆေးရေးနှင့် စံသတ်မှတ်ရေးဆိုင်ရာ မူဝါဒဆွေးနွေးပွဲ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် တင်ပို့ရောင်းချရေးဆိုင်ရာ ဆွေးနွေးပွဲ၊ တိုင်းရင်းဆေးဝါး စက်ရုံများတည်ထောင်ရေးဆိုင်ရာ ဆွေးနွေးပွဲ ခေါင်းစဉ်များဖြင့် ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မူဝါဒလုပ်ငန်းစဉ်များ၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တရုတ် - အာဆီယံနိုင်ငံများနှင့် တိုင်းရင်းဆေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို သက်ဆိုင်ရာခေါင်းစဉ် အလိုက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်ဖြူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလွှမ်းမိုးထက်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာမိန့်ခွန်းဗီဒီယို၊ ကမ္ဘာ့ပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးထံမှ ပေးပို့လာသော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ သဝဏ်လွှာမိန့်ခွန်းဗီဒီယိုနှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပညာပေးဗီဒီယိုတို့ကို ဖွင့်လှစ်ပြသပေးကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အသိပညာပေးလက်ကမ်းစာစောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ



**မန်တုံ စက်တင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် တို့သည် ယနေ့နံနက်ပိုင်းက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ တိမ်ကြားမင်းခေါင်ခန်းမ၌ မန်တုံမြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတတ်ပညာ၊ အသိပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ဗလငါးတန်ဖြင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် မွေးထုတ်ပေးကြရန်လိုကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တိုင်းရင်းသားပြည်သူများ၏ အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရန်နှင့် ဆင်းရဲမှုနည်းပါး အောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန်တုံမြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ပြီး တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့် ပညာရေး၊ ကျန်းမာရေး ဌာနတို့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန်တုံမြို့နယ် နမ့်ကုမ်ချောင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး မန်တုံမြို့ အောင်ချမ်းသာမာန်တောက်ကျောင်း ဆရာတော်ဦးသုနန္ဒ အား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်ပြည်သူ့ ဆေးရုံသို့သွားရောက်၍ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာပစ္စည်း များပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ နမ့်ဆန်ပြည်သူ့ ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### ထောက်ပံ့ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ ဇယန်းကြီးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာ တော် မဟာသဒ္ဓမ္မ ဇောတိကဓဇအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထု ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီး သင်ပညာရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပတ္တမြားစေတီနှင့် နမ့်ဆန်မြို့ မဟာမြတ်မုနိဘုရား အား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ တောင်ပိုင်ခန်းမ၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွား ရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ပလောင်တိုင်းရင်းသား စာပေ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပလောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအပေါ် ထောက်ပံ့ငွေပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် အစိုးရအဖွဲ့ သဘာဝဘေးရန်ပုံငွေမှ နမ့်ဆန်မြို့ ဟူးခင်ကျေးရွာအုပ်စု မန်စပ်ကျေးရွာ ဘုန်းကြီးကျောင်းဆွမ်းစားဆောင် အနောက်ဘက် ကမ်းပါးယံကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆,၈၀၀,၀၀၀၊ နမ့်ဆန်မြို့ မြို့လယ်ရပ်ကွက်ရှိ ဒေသ/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အနောက်ဘက် မြေထိန်းနံရံအား ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၀,၀၀၀,၀၀၀၊ နမ့်ဆန်မြို့ မင်္ဂလာ ရပ်ကွက် ဗိုလ်တာရာလမ်း မြို့နယ်စည်ပင်ရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ အောက်လမ်းကမ်းပါးယံအား ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံ ငွေကျပ် ၅၃,၂၀၀,၀၀၀၊ နမ့်ဆန်မြို့နယ် ဟူးခင်ကျေးရွာအုပ်စု မန်စပ် ကျေးရွာအတွင်းရှိ မန်စပ်–ရေပူစမ်း (ကျောက်ချောလမ်း)နှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၈,၅၀၀,၀၀၀ ကို ပေးအပ်ရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း က ပလောင်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့် ငွေများကို ပေးအပ်ရာ ပလောင်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့က လက်ခံရယူသည်။

### ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နမ့်ဆန်မြို့ MSMEs ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လှည် ကြည့်ရှုကြပြီး**(အပေါ်ပုံ)** နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ကျောင်းတိုက်သို့ သွားရောက်၍ မြို့မဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဝိမလအား ဖူးမြော် ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးတွင် ပလောင်စာပေ ယဉ်ကျေးမှုအဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# မူဆယ်မြို့ မြန်မာ - တရုတ်နယ်စပ်ဂိတ်များမှ ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ် (TBP)များကို ရက်ချိန်းပေးစနစ်ဖြင့် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိ

**မူဆယ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြန်မာ–တရုတ်နယ်စပ်လူဝင်/ထွက်ဂိတ်များမှ ခြောက်ညအိပ် ခုနစ်ရက် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့် လက်မှတ်(TBP)များကို ပိုမိုလွယ်ကူလျင်မြန်ရေး အတွက် ရက်ချိန်းပေးစနစ်ဖြင့် မိမိတို့၏ သတ်မှတ် ရက်နှင့် သတ်မှတ်ဂိတ်မှတစ်ဆင့် ဝင်ရောက်နိုင်ရန် ယနေ့ နံနက် ၇ နာရီခွဲတွင် မူဆယ် –နမ့်ခမ်း နယ်စပ် ကုန်သည်ကြီးများအသင်းရုံးဝင်းတွင် ပြုလုပ်ဆောင် ရွက်ပေးသည်။

### အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်

ထိုသို့ ရက်ချိန်းပေးစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း ကို စက်တင်ဘာ ၁၃ ရက်မှစ၍ မန့်ဝိန်းဂိတ်ရှေ့ တွင် နန်းတော်ဂိတ်နှင့်ဆင်ဖြူဂိတ်တို့မှ တရုတ်နိုင်ငံ ဘက်သို့ ဝင်ရောက်မည့် မိဘပြည်သူများကို ယာယီ နယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)အား ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက် သုံးရက်စာ လူဦးရေ ၁၅၀၀ ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး တစ်ဘက်နိုင်ငံ သို့သွားရောက်မည့်သူများက မိမိ၏သတ်မှတ်ရက်နှင့် သတ်မှတ်ဂိတ်တို့မှ အဆင်ပြေချောမွေ့စွာ ဝင်ရောက် နိုင်ပြီး ယခင်ကဲ့သို့ လာရောက်စောင့်ဆိုင်းနေရန် မလို တော့ကြောင်း သိရသည်။ ထို့အပြင် ယနေ့ စက်တင် ဘာ ၁၆ ရက်နေ့တွင်လည်း မူဆယ် –နမ့်ခမ်းနယ်စပ် ကုန်သည်ကြီးများအသင်းရုံးဝင်း၌ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ခုနစ်ရက်စာ လူဦးရေ ၃၅၀၀ အား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်တွင် မူဆယ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၏ ဦးဆောင်ကြီးကြပ်မှု ဖြင့် မူဆယ်မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က အနီးကပ် လိုက်လံကြည့်ရှုစစ်ဆေး ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ် ရေးကွန်ရက်နှင့် ကမ်းလက်ကူညီပရဟိတအသင်း တို့မှ ပရဟိတလူငယ်များက ပူးပေါင်းပါဝင်ဆောင်ရွက် ပေးလျက် တန်းစီသည့်လူ မှန်/မမှန် စိစစ်ခြင်း၊ e–ID မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်းတို့ စိစစ်ဆောင်ရွက်ပေး ခဲ့ကာ အမည်မည်းစာရင်းနှင့် တရားခံပြေးစာရင်းများ ပါဝင်မှု ရှိ/မရှိတို့ကို တစ်ပါတည်းစစ်ဆေးနိုင်ရန် အတွက်လည်း သက်ဆိုင်ရာသတင်းတပ်ဖွဲ့နှင့် မှုခင်း တပ်ဖွဲ့များသို့ အမည်စာရင်း ကြိုတင်ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

### ဦးရေတိုးမြှင့်ဝင်ရောက်နိုင်ရေး

အဆိုပါ ရက်ချိန်းပေးစနစ်ဖြင့် ယာယီနယ်စပ် ဖြတ်သန်းသွားလာခွင့်လက်မှတ် (TBP) များကို တစ်ရက်လျှင် လူဦးရေ ၅၀၀ နှုန်းဖြင့် နန်းတော်ဂိတ်မှ ဦးရေ ၃၀၀ ဖြင့်လည်းကောင်း၊ ဆင်ဖြူဂိတ်မှ ဦးရေ ၂၀၀ ဖြင့်လည်းကောင်း ဝင်ရောက်နိုင်ရန် ဆောင်ရွက် ပေးလျက်ရှိပြီး ဦးရေတိုးမြှင့် ဝင်ရောက်နိုင်ရေး အတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လာရောက်လျှောက်ထားသူများပြား၍ ကျန်းမာရေးမကောင်းမွန်သူများနှင့် တန်းစီလျှောက် ထားရသောကြောင့် မူးမေ့လဲကျသူများကိုလည်း မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုဆေးကုသခြင်းများဖြင့် ပါဝင်အားဖြည့် ဆောင်ရွက်ပေးလျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များ နှင့် ကျန်းမာရေးချို့တဲ့သူများအား ဦးစားပေးစနစ် အကန့်အသတ်ထား၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ထံမှ သိရသည်။

**အယ်လ်စိုး(မူဆယ်)**


# ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ရွှေယမင်းဦး (ဦးစီးအရာရှိ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန)

**ကမ္ဘာ့လေထု၏ဒုတိယအလွှာမှာရှိသောအိုဇုန်းလွှာ**

နေမှထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည်များကို သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိချက်အရ အမျိုးအစားသုံးမျိုး ခွဲခြမ်းစိတ်ဖြာထားပါသည်။ နေစွမ်းအင်၏ အပူနှင့်ရောင်ခြည်ဖြာထွက်ခြင်းပုံစံကို လေ့လာကြည့်ပါက ခရမ်းလွန်ရောင်ခြည်များတွင် ခရမ်းလွန်ရောင်ခြည် UV-C သည် စွမ်းအားအမြင့်ဆုံးဖြစ်ပြီး သက်ရှိများကို အန္တရာယ်အပြုနိုင်ဆုံး ဖြစ်သော်လည်း အိုဇုန်းလွှာက အပြည့်အဝစုပ်ယူပေးကာ အကာအကွယ်ပေးထားပါသည်။ ဒုတိယစွမ်းအားအမြင့်ဆုံး ခရမ်းလွန်ရောင်ခြည် UV-B ကိုမူ အိုဇုန်းလွှာက အပြည့်အဝစုပ်ယူပေးနိုင်ခြင်းမရှိဘဲ တချို့တစ်ဝက်ကို ကမ္ဘာမြေပေါ်သို့ ကျရောက်စေပါသည်။ လူသားများသည် ခရမ်းလွန်ရောင်ခြည် UV-B ကို သာမန်မျက်စိဖြင့် မမြင်နိုင်သောကြောင့် ၎င်းတို့သည် UV-B နှင့် ထိတွေ့နေရသည်ကိုသိရှိခံစားနိုင်ခြင်းမရှိပါ။ အဆိုပါ ခရမ်းလွန်ရောင်ခြည် UV-B နှင့်ထိတွေ့မိပါက လူသားများတွင် အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ ကိုယ်ခံအားကျဆင်းခြင်း စသည့်ကျန်းမာရေးချို့ယွင်းမှုတို့ကိုခံစားရမည်ဖြစ်ပါသည်။ ခရမ်းလွန်ရောင်ခြည် UV-A သည် စွမ်းအားအနိမ့်ဆုံးဖြစ်ပြီး လူသားများကို ဆိုးကျိုးသက်ရောက်မှုမှာ UV-B ကြောင့် သက်ရောက်မှုထက်များစွာလျော့နည်းပြီး အိုဇုန်းလွှာကလည်း စုပ်ယူနိုင်ခြင်းမရှိပါ။ UV-A နှင့် ထိတွေ့မှုများသည့် လူသားများသည် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုဒဏ်ကို ခံစားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် နေရောင်အောက်တွင် အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရသူများသည် ရှိရင်းစွဲအသက်ထက် အိုမင်းရင့်ရော်ပုံပေါက်နေကြခြင်းဖြစ်ပါသည်။

အထက်ပါအချက်များအရ ကမ္ဘာ့လေထု၏ဒုတိယအလွှာ "စထရာတိုစဖီးယားအလွှာ" မှာရှိသည့် အိုဇုန်းလွှာသည် လူသားများနှင့် ကမ္ဘာမြေပေါ်ရှိ အခြားသောသက်ရှိများအတွက် အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည် UV-B နှင့် UV-C ကို ၉၅ ရာခိုင်နှုန်းစုပ်ယူဟန့်တားပေးနေပေရာ လူသားများအတွက် အကျိုးကျေးဇူးကြီးမားလှသည်ဟုဆိုရပေမည်။




လေထုအတွင်း အိုဇုန်းဓာတ်ငွေ့ ဖွဲ့စည်းတည်ရှိမှုအခြေအနေ

**အိုဇုန်းလွှာကို ကာကွယ်မှုများ ပြုလုပ်လာရခြင်း**

လူသားများသည် သက်ရှိများထဲတွင် တီထွင်မှုဉာဏ်ရည်အမြင့်မားဆုံးသတ္တဝါဖြစ်ရာ ကာလရွေ့လျားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းကို မြင့်မားအောင် ကြိုးစားလာကြသည်။ ပြောင်းလဲလာသောရာသီဥတုနှင့် ပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေစွာ သက်သောင့်သက်သာနေထိုင်နိုင်ရေး၊ အစားအသောက်များကို လိုအပ်သည့်အချိန်မှသာ စားသုံးနိုင်ရန် ကြာမြင့်စွာ သိုလှောင်ထားနိုင်ရေး၊ သွေးများ၊ ဗီဇတစ်သျှူးများ၊ ဆေးဝါးများကို သုတေသနနှင့် စမ်းသပ်မှုများပြုလုပ်နိုင်ရန် သိုလှောင်ထိန်းသိမ်းထားခြင်း၊ ဝေးလံဒေသများသို့ အစားအသောက်များနှင့် ဆေးဝါးများ သယ်ယူပို့ဆောင်နိုင်ရေး၊ အချက်အလက်များကို သိမ်းဆည်းထားနိုင်ရေး၊ စက်မှုလုပ်ငန်းများတွင် အဆင့်အတန်းမြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး၊ နေအိမ်၊ အဆောက်အဦနှင့် ခရီးသွားယာဉ်အမျိုးမျိုး စသည်တို့အတွက် လေအေးပေးစက်များ၊ ရေခဲသေတ္တာများမှ အစပြု၍ စက်မှုလုပ်ငန်းသုံး အေးခဲစက်ကြီးများ၊ အပူပေးစက်များစသည်တို့ကို တွင်ကျယ်စွာ အသုံးပြုလာနေကြပေသည်။ ထို့ပြင် လူဦးရေများပြား၍ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် ပြင်းထန်သည့် နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံနှင့် ကင်ညာနိုင်ငံအစရှိသည့် နိုင်ငံများတွင် ပြင်းထန်ရာသီဥတုဖြစ်စဉ်များကြောင့် လေအေးပေးစက်များကို အမြောက်အမြားသုံးစွဲနေကြသည်ကို စစ်တမ်းများအရ သိရှိရပါသည်။

အဆိုပါ အေးခဲစနစ်၊ လေအေးပေးစနစ်နှင့် အပူပေးစနစ်များတွင် အသုံးပြုသည့် အအေးပေးဒြပ်ပစ္စည်းများဖြစ်သည့် ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC)၊ ဘရိုမိုကလိုရိုမီသိန်း (CH2BrCl)၊ ဟေလွန်နှင့် ကာဗွန်တက်ထရာကလိုရိုဒ် (CCl4) စသည့် ဓာတ်ငွေ့များကြောင့် အိုဇုန်းလွှာပါးလွှာပျက်စီးမှု ဖြစ်ပေါ်နေသည်ကို သိပ္ပံပညာရှင်များက ၁၉၇၀ ပြည့်နှစ် အလွန်ကာလများတွင် လေ့လာတွေ့ရှိခဲ့ပါသည်။ အန္တာတိကတိုက် ကောင်းကင်ယံပေါ်ရှိ အိုဇုန်းလွှာအပေါက်ကို ၁၉၈၅ ခုနှစ်တွင် ပထမဆုံးတွေ့ရှိခဲ့ကြရာမှ အိုဇုန်းလွှာပျက်စီးလာသည်ကို တွေ့ရှိလာရသည့်အတွက် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ နောက်ပိုင်းတွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအသုံးပြုမှုကို ထိန်းချုပ်ရန် မွန်ထရီရယ်နောက်ဆက်တွဲသဘောတူစာချုပ်ကို ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများ၏ သဘောတူညီချက်ဖြင့် အတည်ပြုချမှတ်ခဲ့ရာ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသဘောတူစာချုပ်များတွင် အအောင်မြင်ဆုံးသဘောတူစာချုပ်အဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

ထပ်မံတွေ့ရှိရသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို မွန်ထရီရယ် နောက်ဆက်တွဲသဘောတူစာချုပ်ဆိုင်ရာ နောက်ဆက်တွဲပြင်ဆင်ချက်များဖြင့် ထိန်းချုပ်ရာတွင်လည်း အောင်မြင်မှုအတော်အတန်ရရှိခဲ့ရာ အန္တာတိကတိုက် ကောင်းကင်ယံပေါ်ရှိ အိုဇုန်းပမာဏသည် ၂၀၆၆ ခုနှစ်တွင် ၁၉၈၀ ပြည့်နှစ်က ရှိခဲ့သောအခြေအနေသို့ ရောက်ရှိသွားကာ အိုဇုန်းလွှာပြန်လည်ကောင်းမွန်လာမည်ကို သိပ္ပံပညာရှင်များက ခန့်မှန်းထားကြပါသည်။

**အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုကို လျှော့ချခြင်း**

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများအစား အစားထိုးအသုံးပြုသည့် ဟိုက်ဒရိုဖလူရိုကာဗွန် ဓာတ်ငွေ့များသည် အိုဇုန်းလွှာကို မပျက်စီးစေသော်လည်း ကမ္ဘာ့ပူနွေးမှုအလားအလာ မြင့်မားသောကြောင့် ရာသီဥတုပြောင်းလဲမှုကိုပိုမိုဆိုးရွားစေပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်သည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ သက်ရောက်မှုကြောင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းကျဆင်းခြင်း၊ မဖြစ်ထွန်းခြင်း၊ စိုက်ပျိုးမြေနှင့် သီးနှံများတွင် အာဟာရဓာတ်ပါဝင်မှုလျော့နည်းခြင်း၊ ဥပမာ အချို့သောသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပဲစသည့် မျိုးစိတ်များတွင် Protein ဓာတ်နှင့် သတ္တုဓာတ်ပါဝင်မှုလျော့နည်းခြင်း၊ စသည်တို့ကြောင့် စီးပွားရေးကျဆင်းခြင်းနှင့် လူမှုဘဝပြဿနာများကိုပါ ရင်ဆိုင်လာရပေသည်။

မွန်ထရီရယ် နောက်ဆက်တွဲသဘောတူစာချုပ်ကို အဆင့်ဆင့်ပြင်ဆင်လာခဲ့ရာ ပဉ္စမပြင်ဆင်ချက် ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်သည် အားကောင်းသော မှန်လုံအိမ်အာနိသင်ရှိသည့် ဓာတ်ငွေ့များဖြစ်သည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) အမျိုးအစား အအေးပေးဒြပ်ပစ္စည်းများ သုံးစွဲမှုကိုလျှော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ပြင်းထန်သဘာဝဘေးအန္တရာယ်များ လျော့နည်းစေပါသည်။ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်ဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ် (Nationally Determined Contributions - NDC) အတွက် အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသည် အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ အဆိုပါပြင်ဆင်ချက်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်အထိ ကီဂါလီပြင်ဆင်ချက်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်သည့်နိုင်ငံပေါင်း ၁၅၂ နိုင်ငံ ရှိပြီဖြစ်ပါသည်။

**၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်၌ ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "Montreal Protocol: Fixing the Ozone Layer and Reducing Climate Change" "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်သည် မွန်ထရီရယ်သဘောတူစာချုပ်၏ ကောင်းမွန်သော အကျိုးသက်ရောက်မှုများဖြစ်သည့် အိုဇုန်းလွှာကို ပြန်လည်ကောင်းမွန်လာစေခြင်း၊ ကီဂါလီပြင်ဆင်ချက်ပါ ကတိကဝတ်များ လိုက်နာခြင်းမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုအား လျှော့ချပေးနိုင်ခြင်းတို့ကို ထင်ရှားပေါ်လွင်အောင်တင်ပြလိုခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အပါအဝင် မွန်ထရီရယ်သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံတိုင်းတွင် နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများနှင့် ပြည်သူများအား အသိပညာပေးခြင်းများကို ကျင်းပဆောင်ရွက်ကြပါသည်။

**ပြည်သူများအနေဖြင့် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် ပူးပေါင်းပါဝင်နိုင်ရန် နည်းလမ်းများ**

(က) ယုံကြည်စိတ်ချရသည့် အအေးပေးပစ္စည်းများပါဝင်သော စက်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများကို ဝယ်ယူသုံးစွဲပါ။

(ခ) ရေခဲသေတ္တာကဲ့သို့သော အိမ်သုံးပစ္စည်းအသစ်များကို ဝယ်ယူသည့်အခါ ၎င်းတွင် "အိုဇုန်းကို အန္တရာယ်မပြုသော" "ozone friendly" (သို့) "HCFC ကင်းလွတ်" 'HCFC free' (သို့) စွမ်းအင်ခြိုးခြံချွေတာမှု (သို့) Environmentally Friendly စသည့်အမှတ်အသားများ ပါ/ မပါ ကြည့်ရှုစိစစ်ပြီးမှဝယ်ပါ။

(ဂ) မှန်ကန်သည့် အရွယ်အစားကို ရွေးချယ်ပါ၊ ပစ္စည်းအသစ်ဝယ်ယူသည့်အခါ သင်အမှန်တကယ် လိုအပ်သည့် အရွယ်အစားကို မှန်ကန်စွာရွေးချယ်ပါ။

(ဃ) လေအေးပေးစက်၏ Condenser နှင့် Evaporator ကို နေရောင်ခြည်တိုက်ရိုက်ကျရောက်သည့်နေရာတွင် တပ်ဆင်ထားပါက ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန် လိုအပ်မည်ဖြစ်၍ အရိပ်ရမည့်နေရာတွင် တပ်ဆင်ပါ။

(င) ညအချိန်တွင် သင့်အိမ်နှင့်အခန်းကို သဘာဝလေဖြင့်သာ အအေးခံပါ၊ ဖြစ်နိုင်ပါက လေအေးပေးစက်အသုံးမပြုပါနှင့်။

(စ) ပန်ကာကို တွဲဖက်အသုံးပြုပါ၊ ပန်ကာကို တွဲဖက်အသုံးပြုခြင်းဖြင့် သင်လိုအပ်သည့် အအေးဓာတ်ကို ရရှိနိုင်ပါသည်။

(ဆ) ကားစတင်စက်နှိုးစဉ် ပြတင်းပေါက်များဖွင့်ထားပြီး မိနစ်အနည်းငယ်ကြာမှ လေအေးပေးစက် အသုံးပြုပါ၊ ကားကို အရိပ်ရသည့်နေရာတွင် ရပ်ပါ။

(ဇ) အပြင်သွားသည့်အခါတိုင်း နေရောင်ကာလိမ်းဆေး (Sunscreen) SPF 50 PA+++ ပါဝင်သော အမျိုးအစားကို အမြဲလိမ်းပါ။

**အားလုံးပါဝင်ရန်လိုအပ်ခြင်း**

အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များမှာ တစ်ဦးတစ်ယောက်တည်းအင်အားဖြင့် ဆောင်ရွက်၍မရနိုင်ပါ။ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကြောင့် ကမ္ဘာမြေနှင့် နောင်လာနောက်သားများ ပျက်စီးရသည့် အဖြစ်မျိုးမရှိရအောင် မိမိကစ၍ စည်းကမ်းလိုက်နာဖို့ လိုအပ်ပါသည်။ အအေးပေးစက်ပစ္စည်းတင်သွင်းရောင်းချသည့် လုပ်ငန်းရှင်များက အစပြု၍ တပ်ဆင်ပြုပြင်ရေးလုပ်သားများ၊ သုံးစွဲသူများအားလုံးသော အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များသည် တာဝန်သိကြရန် လိုအပ်သည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ချမှတ်ထားသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို လိုက်နာရန် အထူးပင်အရေးကြီးပါကြောင်း တိုက်တွန်းပြောကြားရင်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုရေးသားတင်ဆက်လိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

Lawyers responding to climate change by legal response international (LRI) registered charity

ozone.unep.org/ozone-day/montreal-protocol-fixing-the-zone-layer-and-reducing-climate-change

20 Questions and Answers about the ozone layer

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အိုဇုန်းလွှာအကြောင်း သိကောင်းစရာ အသိပညာပေးစာအုပ်

# အဂ္ဂဂေဟာ နတ်ဝှက်သစ်ပင် (သို့မဟုတ်) ကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်း



## တွေ့ဆုံမေးမြန်း-ရွှေပင်လယ်၊ ဓာတ်ပုံ- မျိုးသီဟ (ပျဉ်းမနား)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဦးတည်ချက်တွင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်နှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးဆိုသည့် ဦးတည်ချက်ကိုချမှတ်ပြီး တွန်းအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စီးပွားရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ရှိနေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ဖြည့်ဆည်းမှုများ၊ ဖြေရှင်းပေးမှုများ ပြုလုပ်ပေးခဲ့သည်။**

ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားအောင် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ဒေသအလိုက် ထွက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတကုန်ကြမ်းများကို အခြေခံကာ အရည်အသွေးကောင်းမွန်သည့် ကုန်ချောအမယ်အမျိုးမျိုးထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝက်စုကျေးရွာ၌ အဂ္ဂဂေဟာ ကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင် ဦးကျော်ကျော်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ဘယ်လိုသစ်အမျိုးအစားကို ကျွန်းနက်လို့ သတ်မှတ်ခေါ်ဆိုပါသလဲ။**

ဖြေ ။ ။ ကျွန်းနက်ဆိုတာက အကြောင်းအမျိုးမျိုးကြောင့် ရေကြောင်းတွေမှာ မျှောချတဲ့ ကျွန်းပင်က ကျွန်းတုံးတွေက ချောင်းကွေ့တွေ၊ ရေစီးအားနည်းသွားတဲ့အခါမှာ ရေအောက်ထဲကို ရောက်သွားတယ်ဗျ။ ရေအောက်ထဲမှာ သဲနဲ့နုန်း ဓာတ်ပေါင်းပြီးတော့မှ ကျွန်းတုံးတွေကနေ ကျွန်းနက်ဖြစ်လာပါတယ်။ ချောင်း၊ မြစ်ကမ်းပါးဘေးမှာ ပေါက်နေတဲ့ ကျွန်းပင်တွေက ရေစီးအားကြောင့် အမြစ်တွေ ပြိုလဲပြီးတော့ ရေအောက်ထဲကို ရောက်သွားတယ်။ ရေအောက်ထဲမှာ နှစ်ကာလကြာမြင့်တဲ့အခါ ကျွန်းသစ်သားဟာ အဝါသားတွေကနေမှ လုံးဝနက်သွားပါတယ်။ နှစ်ပေါင်း ၁၀၀ ကျော်မှ ကျွန်းနက်ဖြစ်ပါတယ်။ ကျွန်းနက်ရဲ့ အလယ်သားမှာ အနီပါတာတွေ ရှိပါတယ်။ အရောင်တွေမတူပါဘူး။ အနီရှိတယ်။ အဝါရှိတယ်။ ဘေးနား မှာတော့ နက်နေလိမ့်မယ်။ ကျွန်းနက်ရဲ့အသားကို ဖြတ်လိုက်ပြီး လွှစာမှုန့်ကို မီးရှို့လိုက်ရင် ရှို့လိုက်တဲ့ ကျွန်းနက်ရဲ့ ပြာက ရွှေရောင်လေးတွေ ထွက်တယ်။ အဲဒီပြာကို သံလိုက်နဲ့ကပ်ရင် သံလိုက်ကပ်ပါ မှသာ ကျွန်းနက်လို့ ခေါ်ပါတယ်။ ကျွန်းနက်လို့ သတ်မှတ်တဲ့ စံနှုန်း ဖြစ်ပါတယ်။

**မေး ။ ။ ကျွန်းနက်နဲ့ပန်းပုလုပ်တဲ့နေရာမှာ ကုန်ကြမ်းကို ဘယ်ဒေသတွေကနေ ရရှိပါသလဲ။**

ဖြေ ။ ။ နေပြည်တော်ပတ်ဝန်းကျင်မှာ တော်တော်များများ ထွက်ပါတယ်။ သစ်ထုတ်တဲ့နေရာတွေမှာ ပေါပါတယ်။ ကျွန်းနက်က ရေအောက်ထဲကို အကြောင်းအမျိုးမျိုးကြောင့် ရောက်သွားပြီးတော့ ကျွန်းနက်ဖြစ်တာဖြစ်တဲ့အတွက် အများဆုံးထွက်တဲ့ဒေသကတော့ ကျွန်းပင်များများ ပေါက်ပြီးတော့ ရေးယခင်ခေတ်တွေက ရေစီးကြောင်း ရှိတဲ့နေရာ၊ မြစ်တွေချောင်းတွေရှိတဲ့ နေရာတွေရဲ့ အောက်မှာရှိတာများပါတယ်။ ပဲခူးရိုးမက သစ်ထွက်တယ်။ ချောင်းဟောင်း၊ မြောင်းဟောင်းတွေကနေ ကျွန်းနက်တွေ ရရှိပါတယ်။ ကျွန်းနက်ကို တောင်သူတွေကနေတစ်ဆင့် ရရှိတာပါ။ ချောင်းတွေထဲ သဲမှတ်စက် မှုတ်တယ်၊ အဲဒီသဲမှုတ်စက်အောက်ကနေ ကျွန်းတုံးတွေ ပေါ်လာတယ်။ အဲဒီကနေ ကျွန်းနက် ဖြစ်တာပါ။ မြစ်ချောင်းတွေက သစ်တုံးတွေ ဆယ်ရင်းနဲ့ပဲ လာရောင်းတဲ့သူဆီက ကျွန်းနက်သစ်ကို ရရှိတာပါ။ ကျွန်းဆိုတာ နတ်ဝှက်တဲ့ ကျွန်းနက် ဖြစ်ပါတယ်။ နတ်ဝှက်ထားတာဖြစ်တဲ့အတွက် ထိုက်တဲ့သူပဲ ရတာပါ။ ဒီသစ်တုံးတွေကို ရဖို့ဆိုတာ တော်တော်ကြီးကို ခက်ပါတယ်။ နှစ်ပေါင်းရာချီပြီးမှပေါ်တဲ့ ကျွန်းသားတွေ ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ကျွန်းနက်ကို ရှာဖွေပြီး လုပ်ကိုင်စားသောက်နေတဲ့ တောင်သူတွေ ရှိပါတယ်။ ကျွန်းသစ်တွေက မြစ်တွေ ချောင်းတွေမှာ နှစ်ကြာလာတော့ သဲတွေဖုံးသွားပါတယ်။ အဲဒီသဲတွေဖုံးသွားတဲ့ဆီမှာ တောင်ယာထွန်ယက်ရင်းနဲ့လည်း တွေ့တဲ့သူတွေရှိတယ်။ ရေကန်တွေ တူးရင်းနဲ့လည်း အဲဒီအောက်မှာတွေ့တာ ရှိတယ်။ ချောင်း၊ မြောင်းတွေနဲ့နီးတဲ့နေရာတွေမှာ အများဆုံး တွေ့ရှိကြပါတယ်။

**မေး ။ ။ ကျွန်းနက်တွေကို နယ်တွေမှာ သွားပြီး ဝယ်ရတာလား၊ ဘယ်လို ဝယ်ရတာလဲ။**

ဖြေ ။ ။ နေပြည်တော် တောင်ညိုဘက် ပတ်ဝန်းကျင်မှာ ချောင်းတွေ ရှိပါတယ်။ ချောင်းတွေက နှစ် ၁၀၀ ပတ်ဝန်းကျင်ရှိတဲ့ချောင်းတွေ ရှိတယ်။ လာရောင်းတဲ့သူတွေရှိသလို လိုချင်တဲ့ သစ်အရွယ်အစားရအောင် ကိုယ်တိုင်လည်း လိုက်ရှာရတာ ရှိပါတယ်။ တန်ရာတန်ကြေးပေးဝယ်ရပါတယ်။ တစ်ဆင့်ခံဝယ်ရရင် ဈေးကြီးပါတယ်။

**မေး ။ ။ အဂ္ဂဂေဟာ ကျွန်းနက်ပန်းပုလုပ်ငန်းကနေ ကုန်ချောပစ္စည်း အမျိုးအစား ဘယ်နှမျိုးလောက် ထုတ်လုပ်နေလဲဆိုတာလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ဗုဒ္ဓရုပ်ပွားတော် မုဒြာ ၁၈ မျိုး ရှိပါတယ်၊ ငါးရုပ်၊ ဂဠုန်ရုပ်၊ နဂါး၊ ဇာမနီငှက်၊ ရှင်သီဝလိရုပ်ပွားတော်၊ နဂါးတောင်ဝှေး၊ သန်လျက်၊ လောင်းလှေ၊ ပုတီး၊ အမျိုးသမီးဆံထိုး စသည်ဖြင့် လုပ်ပါတယ်။ ကျွန်းနက်ဆိုတာမျိုးက သိဒ္ဓိတင်ပြီးသား၊ နဝင်းကိုက်ပြီးသား ပစ္စည်း ဖြစ်ပါတယ်။ ကျွန်းနက်ဆိုတဲ့ သဘာဝကိုက ကျွန်းဆိုတာက နှစ်ဂဏန်း၊ နက်က စနေနံခုနစ်ဂဏန်း၊ နှစ်နဲ့ခုနစ်နဲ့ပေါင်းရင် ကိုး ရပါတယ်။ ကိုးနဝင်းကိုက်ပြီးသား ဖြစ်ပါတယ်။ အန္တရာယ်ကင်းတဲ့ ပစ္စည်းဖြစ်တဲ့အတွက် ဆောင်ထားသင့်တဲ့ပစ္စည်း ဖြစ်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေကို ခုနစ်လက်မ၊ ကိုးလက်မ၊ ၁၁ လက်မ၊ ၁၄ လက်မ၊ ၁၈ လက်မ၊ ၂၁ လက်မ၊ ၃၆ လက်မ ထုပါတယ်။

**မေး ။ ။ အဂ္ဂဂေဟာ မြန်မာမှုပန်းပုလုပ်ငန်းအနေနဲ့ အဓိက ထုတ်ကုန်က ဘာကို အဓိက ထုတ်လုပ်ပါသလဲ။**

ဖြေ ။ ။ ကျွန်းနက် ဗုဒ္ဓရုပ်ပွားတော် ပန်းပုထုလုပ်တာက ၉၀ ရာခိုင်နှုန်း ထုလုပ်ပါတယ်။ တခြားပစ္စည်းက ၁၀ ရာခိုင်နှုန်းလောက်ပဲ ပါပါတယ်။

**မေး ။ ။ ကျွန်းနက်ပန်းပုလုပ်ငန်းကနေ MSME လုပ်ငန်းအဖြစ် ဆောင်ရွက်နေပုံကိုလည်း သိပါရစေ။**

ဖြေ ။ ။ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ ဒီ ကျွန်းနက်ပန်းပုလုပ်ငန်းကို စတင်လုပ်ခဲ့တာပါ။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလောက်မှာ ကျွန်းနက်ပန်းပုအလုပ်ရုံထောင်ဖို့ ဖြစ်လာခဲ့တာပါ။ လုပ်ငန်း စတင်ချိန်က အလုပ်သမားလေးယောက်နဲ့ စလုပ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဩဂုတ်လမှာ အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ငန်းလိုင်စင်နဲ့ လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေက လူတွေကို ပန်းပုအချောသမားအဖြစ်နဲ့ ပန်းပုပညာလည်း သင်ပေးနေပါတယ်။ လက်ရှိ လူ ၁၄ ယောက်အင်အားနဲ့ ဆောင်ရွက်နေပါတယ်။ ပျမ်းမျှအားဖြင့် တစ်ရက်ကို ဆင်းတုတော် တစ်ဆူ၊ တစ်ဆူခွဲလောက် အချောထည် ထွက်ပါတယ်။ ညဆိုင်းတွေပါဆင်းရင် ပိုထွက်ပါတယ်။ ရွာကလူတွေ မြန်မာမှုလုပ်ငန်းကို စိတ်ပါဝင်စားလာအောင် ပညာသင်ရင်းနဲ့ လုပ်အားခပေးပါတယ်။ ဒီရွာနားမှာ အုတ်ဖုတ်လုပ်ငန်းလောက်ပဲ ရှိပါတယ်။ ကျွန်တော့်ဆီမှာ အလုပ်တောင်းရင် ခေါ်ပြီးတော့လုပ်ပေးနိုင်တဲ့ အတိုင်းအတာအထိ လုပ်ပေးပါတယ်။ အနည်းဆုံး လုပ်အားခက ကျပ် ၈၀၀၀ ရှိပါတယ်။ ကျပ် ၉၀၀၀၊ ၁၀၀၀၀၊ ကျပ် ၁၂၀၀၀ ရှိပါတယ်။ တကယ်အလုပ်တွင်လာရင် ကျပ် ၁၅၀၀၀ အထိ ပေးပါတယ်။ ပညာရှင်ကတော့ ပညာရှင်နှုန်းထားအတိုင်း ပေးပါတယ်။ ဒီလိုလုပ်ရင်းနဲ့ အောင်မြင်ခဲ့တာပါ။ ကျွန်တော်တို့ ရွာကလူတွေကို ပန်းပုပညာနဲ့ လုပ်ကိုင်စားသောက်လို့ရအောင် အလုပ်အကိုင်အခွင့်အလမ်းတွေ စီစဉ်ပေးနိုင်ခဲ့ပါပြီ။ ပြည်တွင်းထုတ်ကုန်အဖြစ်နဲ့ ပြည်ပကို တင်ပို့လို့ရသည်အထိ လက်ရာအဆင့် ရှိပါတယ်။

**မေး ။ ။ ကျွန်းနက်ပန်းပုထုတ်ကုန်တွေကို ဘယ်ဒေသတွေကို ပို့ပါသလဲ။**

ဖြေ ။ ။ တစ်နိုင်ငံလုံးနီးပါး ပို့ပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနား၊ ရခိုင်၊ မူဆယ်၊ တာချီလိတ် စသည်ဖြင့် အများကြီး ပို့ပါတယ်။ ပြည်ပဆိုရင် ကျွန်းနက်ဆင်းတုတော်ကို စင်ကာပူအထိ ပို့ပြီးပါပြီ။ ဘုရားတစ်ဆူပင့်သွားတိုင်း ကျွန်တော်တို့ အလှူပါအောင် လုပ်ပါတယ်။ ကျပ် ၉၀၀၀၀ တန်တဲ့ဘုရားကို ကျပ် ၇၀၀၀၀ နဲ့ ရောင်းပေးလိုက်ရင် အဲဒီမှာ ကျပ် ၂၀၀၀၀ က ကျွန်တော်တို့အတွက် ကုသိုလ်ပါဗျ။ ရောင်းပေးတဲ့ ဘုရားပေါင်း သောင်းနဲ့ချီ ရှိသွားပါပြီ၊

**မေး ။ ။ ပြည်တွင်းထုတ်ကုန်အနေနဲ့ တခြားပြည်ပနိုင်ငံတွေကို ထပ်ပို့ဖို့ အစီအစဉ်ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ MSME နဲ့ ပတ်သက်ပြီး ပြည်ပနိုင်ငံတွေ တင်ပို့ဖို့အတွက် ကုန်စည်ပြပွဲတွေ သွားဖို့လည်း ရှိပါတယ်။ ကျွန်တော်က ဥတ္တရသီရိ MSME ဘဏ္ဍာရေးမှူးလည်းဖြစ်တော့ အသင်းအဖွဲ့အနေနဲ့လည်း ညီညွတ်မှုရှိပါတယ်။ ပြည်တွင်း ကုန်စည်ပြပွဲတွေမှာလည်း ပြနေပါတယ်။ ကျွန်တော်တို့ နေပြည်တော် MSME အဖွဲ့အနေနဲ့ နိုင်ငံရပ်ခြားတွေကိုလည်း ပြည်တွင်းထုတ်ကုန်အနေနဲ့ ပြသဖို့ ရှိပါတယ်။ ဘယ်နိုင်ငံရယ်လို့တော့ မဟုတ်ပါဘူး။ MSME အစီအစဉ်နဲ့ပဲ သွားဖို့ ရှိပါတယ်။

**မေး။ ။ လက်ရှိ နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြည်တွင်းထုတ်ကုန်တွေကို ဦးစားပေး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် မြန်မာမှုပန်းပုလုပ်ငန်းဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ ။ ။ ကျွန်းနက်ပန်းပုလုပ်ငန်းကို ထုတ်ကုန်တစ်ခုအနေနဲ့ လုပ်နေတဲ့လုပ်ငန်းက ရေအောက်ထဲက ရတဲ့ပစ္စည်း၊ မီးရှို့ပစ်ရမယ့်ပစ္စည်း၊ ဆွေးမြည့်သွားမယ့်ပစ္စည်းကို လူတွေရဲ့ ကြည်ညိုဖွယ်ဖြစ်အောင်၊ လူတွေရဲ့ပသာဒဖြစ်အောင် လုပ်ရတာဖြစ်ပါတယ်။ သဘာဝစွန့်ပစ်ပစ္စည်းတွေကနေ အကောင်အထည်ဖော်နေတဲ့လုပ်ငန်းဖြစ်ပါတယ်။





*စာမျက်နှာ ၁၂ သို့*

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့သော ဥပဒေရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ အကောင်အထည်ဖော်မည့်လုပ်ငန်းရပ်များအား ဆွေးနွေးခြင်းနှင့် (၈)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်



နေပြည်တော် စက်တင်ဘာ ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ (၈)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်ကျင်းပနေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ် H.E. Mr. IGOR KRASNOV ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်နှင့် တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memo-randum of Cooperation) အရ အကောင်အထည်ဖော်မည့်လုပ်ငန်းရပ်များအား ဆွေးနွေးခဲ့သည်။

**နှစ်နိုင်ငံဥပဒေများ အပြန်အလှန်ပေးပို့လေ့လာ**

အဆိုပါအစည်းအဝေးတွင် ဥပဒေရေးရာဝန်ကြီးဌာန ၏ "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" ဟူသည့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ပါ မျှော်မှန်းချက်များနှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနနှင့် အဆင့်ဆင့်သောဥပဒေရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဥပဒေအရာရှိများ၏ဥပဒေရေးရာ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးလက်အောက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရှေ့ဖျား ဥပဒေတက္ကသိုလ်သို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအား ပညာတော်သင်များစေလွှတ်မည့်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ဥပဒေရေးရာ သုတေသနပြုခြင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ပြစ်မှုဆိုင်ရာနှင့် တရားမဆိုင်ရာ အမှုများတွင် အီလက်ထရောနစ်သက်သေခံ တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၄ - ၂၀၂၅ ခုနှစ်အတွင်း ဥပဒေအသိပညာ ပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ တရားခံလွှဲပြောင်းရေးနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဥပဒေများအား အပြန်အလှန်ပေးပို့လေ့လာခြင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(၈)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (8th Eastern Economic Forum) တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အခြေခံအုတ်မြစ်အဖြစ် စီးပွားရေးလုပ်ငန်းများကို ကာကွယ်ရန် ( Protected Business as basis of Sustainable Economic Development) ခေါင်းစဉ်ဖြင့် ကျင်းပသောဆွေးနွေးပွဲတွင် Penalist Speaker အဖြစ် ဆွေးနွေးဟောပြောခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals (SDGs)) ကို ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ဆင်းရဲနွမ်းပါးမှုရပ်တန့်ရန်၊ ကမ္ဘာမြေကြီးကို ကာကွယ်ရန်၊ ၂၀၃၀ ခုနှစ်တွင်လူသားများအားလုံးငြိမ်းချမ်း၍ ချမ်းသာကြွယ်ဝခြင်းကို ခံစားနိုင်စေရေးအတွက် ချမှတ်ခဲ့ပါကြောင်း၊ ယင်း၏ ရည်မှန်းချက်ပန်းတိုင် ၈ သည် အားလုံးပါဝင်နိုင်သော၊ ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်နှင့် သင့်လျော်သော အလုပ်များကို မြှင့်တင်ရန်ဖြစ်ပါကြောင်း။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များသည် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာခြင်းအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်နှင့် အခြေခံသဘောတရားများအတိုင်း လမ်းညွှန်ထားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးဖြစ်ရန်အတွက် ခိုင်မာသည့် ဥပဒေမူဘောင်များရှိရန် လိုအပ်ပါကြောင်း၊ ဥပဒေမူဘောင်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းဥပဒေမူဘောင်ဟူ၍ တွေ့မြင်နိုင်ပါကြောင်း၊ နိုင်ငံတကာဥပဒေမူဘောင်အနေဖြင့် နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ သဘောတူညီချက်များနှင့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (New York Convention) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင်များ ရှိပါကြောင်း။

**ပဋိညာဉ်ပါပြဋ္ဌာန်းချက်များ လိုက်နာ**

ဒေသဆိုင်ရာအဆင့်တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံ ပဋိညာဉ်ကို အထူးအလေးပေးလျက် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက်ရှိပါကြောင်း၊ အာဆီယံတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ်များ၊ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများတိုးမြှင့်ခြင်းဆိုင်ရာ အာဆီယံစာချုပ်ကဲ့သို့သောစာချုပ်များကို တွေ့နိုင်ပါကြောင်း၊ ပြည်တွင်းကိုကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ ကာကွယ်မှုရှိသော စီးပွားရေးဖြစ်စေရန် ဥပဒေများချမှတ်လျက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အရ နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါကြောင်း၊ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် စီးပွားရေးနှင့်စပ်လျဉ်း၍ "တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"ဟူ၍ ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေများကိုလည်း ချမှတ်လျက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ ကာကွယ်မှုရှိသော စီးပွားရေးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဥပဒေမူဘောင်များ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ကမ္ဘာ့နိုင်ငံအားလုံးသည် တစ်နေ့ထက်တစ်နေ့ ခေတ်မီတိုးတက်ပြောင်းလဲလျက်ရှိပြီး အဓိကအားဖြင့် နည်းပညာတွင် များစွာတိုးတက်လျက်ရှိခြင်းကြောင့် နိုင်ငံများအနေဖြင့် ခေတ်နှင့်လျော်ညီသော ဥပဒေမူဘောင်များသည် နိုင်ငံအလိုက် စီးပွားရေးဆိုင်ရာမူဝါဒများ ပြောင်းလဲမှုအလိုက်ပြောင်းလဲပြဋ္ဌာန်းရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် ခေတ်မီတိုးတက်သော ဥပဒေမူဘောင်များကို ပြဋ္ဌာန်းနိုင်ရေးစဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ဥပဒေမူဘောင်များတွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ တရားစီရင်ရေးဆိုင်ရာ၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံဖြတ်ကျော်ဥပဒေဝန်ဆောင်မှုပေးခြင်း၊ ဒေသအလိုက် Online Virtual အစည်းအဝေး ကျင်းပခြင်းကဲ့သို့သောကဏ္ဍများကိုတိုးတက်ပြောင်းလဲလာသော ခေတ်နှင့်ကိုက်ညီမှုရှိစေရန် ဥပဒေမူဘောင်များကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို သမားရိုးကျနည်းလမ်းဖြင့်မဟုတ်ဘဲ အွန်လိုင်းအသုံးပြု၍ ဖြေရှင်းဆောင်ရွက်သည့်နည်းလမ်း (Online Dispute Resolution) များ၊ တစ်ဖက်သတ် နိုင်ငံခြားစီးပွားရေးပိတ်ဆို့မှုများကို ကျော်လွှားခြင်းဆိုင်ရာ ဥပဒေမူဘောင်ကို ဖော်ထုတ်ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

(၈) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့်စပ်လျဉ်း၍ ဖိုရမ်သို့တက်ရောက်သော ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

နိုင်ငံခြားဧည့်သည်တွေပါ လာရောက်လေ့လာကြည့်ရှုနိုင်အောင်လုပ်ဖို့ ကြိုးစားစီစဉ်နေပါတယ်။ နိုင်ငံခြားဝင်ငွေရရှိအောင်လည်း ကြိုးစားဆောင်ရွက်မှာပါ။

**မေး ။ ။ ကျွန်းနက်ထုတ်ကုန်တွေရဲ့ ပစ္စည်းဈေးနှုန်းတွေက ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ ကျွန်းနက်ဘုရား ခုနစ်လက်မတစ်ဆူကို ကျပ် ၇၀၀၀၀၊ ကိုးလက်မတစ်ဆူကို ငွေကျပ် ၁၁၀၀၀၀၊ ၁၁ လက်မ တစ်ဆူကို ငွေကျပ် ၁၈၀၀၀၀၊ ၁၄ လက်မ တစ်ဆူကို ငွေကျပ် ၃၆၀၀၀၀၊ ၁၈ လက်မ တစ်ဆူကို ငွေကျပ် ၅၄၀၀၀၀ သုံးပေဘုရား တစ်ဆူကို ငွေကျပ် ၃၆၀၀၀၀၀ ရောင်းပါတယ်။

**မေး ။ ။ အဂ္ဂဇေဟာမိသားစုက ပန်းပုထုလုပ်ပုံနဲ့ ဆေးပိုင်းဆိုင်ရာ အသုံးပြုမှုကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ဗုဒ္ဓရုပ်ပွားတော်တွေကို ခုနစ်နဲ့စားလို့ပြတ်တဲ့ဂဏန်း၊ ခုနစ်နဲ့စားရင် စုံကြွင်းတဲ့ဂဏန်းတို့ကို ထုလုပ်ပါတယ်။ ကျန်တဲ့ဂဏန်းတွေက ထုလို့မကောင်းတဲ့ဂဏန်းတွေ ပါပါတယ်။ တစ်ပေဆိုရင် မကောင်းဘူး၊ ၁၃ လက်မဆို မကောင်းဘူး၊ အချိုးအစားတွေက လူတော်တော်များများ သိကြတဲ့အတိုင်းပဲ ဒူးတစ်ခွင် နှာတစ်ဖျား မဖြစ်အောင်တော့ ဦးစားပေးပြီးတော့ ထုပါတယ်။ ဘုရားတစ်ဆူ ကြည့်လိုက်တာနဲ့ မျက်နှာတော်သည် ပြုံးနေရမယ်၊ ကြည်ညိုဖွယ် ရှိရမယ်။ ပူဇော်မယ့်သူရဲ့စိတ်ထဲကြည်နူးသွားတဲ့ ဘုရားမျိုးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ထုလုပ်ပါတယ်။ အင်္ဂါရပ်မပြည့်စုံတဲ့ ဘုရားမျိုး မဖြစ်အောင်လည်း ဂရုစိုက်ပါတယ်။ အဲဒီမှာ ဆေးပိုင်းဆိုင်ရာအနေနဲ့ကတော့ လူတွေက ကျွန်းနက်ဆိုတာ နက်တယ်လို့ပဲ သိကြတာပါ။ ကျွန်းနက်က ရေအောက်ထဲမှာ နှစ်ပေါင်း ၁၀၀ ကျော်မှ ကျွန်းနက်တစ်ခုလုံးက နက်သွားတာ ဖြစ်ပါတယ်။ တချို့က နှစ်ပေါင်း ၇၀၊ ၈၀ ရှိတယ်။ ကျွန်းနက်တော့ မှန်တယ်။ အလယ်အူမှာ နီတာရှိတယ်။ ဝါတာရှိတယ်။ အဲဒီလို အသားဖြစ်လာခဲ့ရင် ဆေးရည်အနက် မှုတ်ရတယ်။ စီလာအနက်ခံရတယ်။ အဲဒါမှ ကျွန်းနက် ဖြစ်ပါတယ်။ တချို့က အနက်မကြိုက်ဘူး။ အမည်းဆိုရင် မကိုးကွယ်ချင်ဘူးဆိုတာမျိုးလည်း ရှိပါတယ်။ မူရင်းအရောင်အတိုင်း လိုချင်ရင် စီလာနှစ်ထပ်၊ လိုက်ကာနှစ်ထပ်နဲ့ ဖယောင်းအုပ်ရပါတယ်။ ကျွန်းနက်သားတွေက ရေအောက်ထဲမှာနေတာ ကြာတာဖြစ်တဲ့အတွက် အပေါ်ကိုတက်လာရင် နေဒဏ်နဲ့ လေဒဏ်ကို မခံပါဘူး။ ကျွန်းနက်ဘုရားရုပ်ပွားတော်တွေက နေနဲ့ လေနဲ့ထိရင် ကွဲပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က စီလာနဲ့ ထိန်းရပါတယ်။ နေပူထဲတော့ ထားလို့မရပါဘူး။ ကျွန်းနက်သားတွေက အရောင်ကွဲတာ ဖြစ်တဲ့အတွက် မူရင်းအရောင်ရဖို့ ကော်ပတ်ကို အဆင့်ဆင့် ချောရပါတယ်။ ဆေးဆိုလည်း အထပ်ထပ်သုတ်ရပါတယ်။ အဲဒီလိုလုပ်ပြီးမှ ကျွန်းနက်ဘုရားတစ်ဆူ ကောင်းကောင်းရတာပါ။ ကျွန်းနက်အသားမှန်ရင် မကွဲတာ မရှိပါဘူး။ ကွဲသွားတတ်ပါတယ်။ ကွဲသွားတတ်တာကို အသက်သာဆုံးမကွဲအောင် ထိန်းသိမ်းပေးပါတယ်။ ကျွန်းနက်ဘုရားရုပ်ပွားတော်သည် ဘယ်ကပဲဝယ်ဝယ် ကွဲသွားရင်၊ ဘုရားရုပ်ပွားတော် ပြင်ချင်တယ်ဆိုရင် အခမဲ့ပြင်ပေးပါတယ်။

**မေး ။ ။ ကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်းနဲ့ပတ်သက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့နဲ့ ပြည်တွင်းထုတ်ကုန်အဖြစ် ဆောင်ရွက်လိုတဲ့ ပြည်သူတွေအတွက် ဘာများ ပြောချင်ပါသလဲ။**

ဖြေ ။ ။ ကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်းဟာ အရိပ်ထဲမှာနေပြီး သက်သက်သာသာ၊ တည်တည်ငြိမ်ငြိမ်နဲ့ လုပ်နိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုလည်း ဖြစ်ပါတယ်။ သဘာဝ စွန့်ပစ်ပစ္စည်းတွေကို သမ္မာအာဇီဝကျကျ ဆောင်ရွက်ရလို့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့လုပ်ငန်း ဖြစ်ပါတယ်လို့ ပြောချင်ပါတယ် ခင်ဗျာ။ ။

# အမေရိကန်နိုင်ငံ၌ မော်တော်ကားကုမ္ပဏီမှလုပ်သားများ သမိုင်းဝင်သပိတ်မှောက်

**နယူးယောက် စက်တင်ဘာ ၁၆**
အမေရိကန်တွင် မော်တော်ကားသမဂ္ဂမှ ထောင်နှင့်ချီသည့်မော်တော်ကားလုပ်သားများ သပိတ်မှောက်ကြသည်ဟု သိရသည်။

ကားကုမ္ပဏီကြီးသုံးခု ဖြစ်သည့် Ford၊ General Motors နှင့် Stellantis တို့မှ လုပ်သားများသည် ပထမဆုံးအကြိမ်အဖြစ် လုပ်ငန်းခွင်မဝင်ဘဲ ရှိနေကြသည်။ လက်ရှိစာချုပ်သက်တမ်း ကျော်လွန်သွားသည့် စက်တင်ဘာ ၁၄ ရက် ည ၁၁ နာရီ ၅၉ မိနစ်တွင် သပိတ်မှောက်မှုစတင်ခဲ့ခြင်းဖြစ်သည်။ မော်တော်ကားသမဂ္ဂဥက္ကဋ္ဌဖြစ်သူ ရှောင်ဖိန်းက ယခုအခြေအနေမှာ ရှက်ဖွယ်ကောင်းသည့် အခြေအနေဟု ပြောသည်။

အဆိုပါ ကားကုမ္ပဏီကြီးများမှာ ၎င်းတို့၏လုပ်သားများကို မိသားစုဟုရည်ညွှန်းသော်လည်း မိသားစုကဲ့သို့ဂရုမစိုက်ဟု ၎င်းက ပြောဆိုခဲ့သည်။ လာမည့်လေးနှစ်အတွက် လုပ်အားခကို ၃၆ ရာခိုင်နှုန်းတိုးပေးရန် သမဂ္ဂခေါင်းဆောင်များက တောင်းဆိုကြသည်။ စံချိန်တင်အောင် အကျိုးအမြတ်များ ပြုလုပ်ပေးထားသည့်အတွက် ၎င်းတို့တောင်းဆိုသည့်လုပ်အားခကို မော်တော်ကားကုမ္ပဏီကြီးများက ပေးနိုင်သည်ဟုလည်း ၎င်းတို့ကပြောသည်။

ကားကုမ္ပဏီကြီးများသည် လစာအနည်းငယ်သာတိုးပေးပြီး ကမ်းလှမ်းမှုပြုလုပ်ထားသည်။ အဆိုပါ ကားကုမ္ပဏီကြီးသုံးခုတွင် အလုပ်လုပ်ကိုင်နေသည့် လုပ်သားပေါင်း ၁၄၀၀၀၀ ကျော်ရှိသည်။ ၎င်းတို့ထဲမှ အားလုံးသပိတ်တွင်ပါဝင်ကြခြင်း မဟုတ်ပေ။ အကယ်၍ ၎င်းတို့အားလုံး အလုပ်ပျက်ကွက်လျှင် ၁၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်နိုင်သည်ဟု လေ့လာသူများက ပြောသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကမူ နှစ်ဖက်စလုံးနှင့် အဆက်အသွယ်ရှိကြောင်း အလုပ်သမားများသည်လည်း မျှတသည့်လုပ်အားခရသင့်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**



စက်တင်ဘာ ၁၅ ရက်ညပိုင်းက မော်တော်ကားသမဂ္ဂမှ အဖွဲ့ဝင်များ ဆန္ဒပြကြစဉ်။

## အကြိမ်(၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ ကုမ္ပဏီပေါင်း ၂၀၀၀ နီးပါး တက်ရောက်

**နန်နင်း စက်တင်ဘာ ၁၆**
အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် နန်နင်းတွင် စက်တင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့ပြီး ကုမ္ပဏီလုပ်ငန်းပေါင်း ၂၀၀၀ နီးပါး တက်ရောက်လျက်ရှိသည်။



ယခုနှစ်ကုန်စည်ပြပွဲတွင် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ လုပ်ငန်းအမှတ်တံဆိပ်အများအပြားအပြင် တရုတ်နိုင်ငံမှ ဒစ်ဂျစ်တယ်၊ ကာဗွန်လျှော့ချရေးနည်းပညာများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အကူပြုကိရိယာများနှင့် ဒရုန်းနည်းပညာများ ပါဝင်ပြသလျက်ရှိသည့်အပြင် ယခုနှစ်တွင် ယမန်နှစ်က ပါဝင်ပြသခဲ့သည့် လုပ်ငန်းပေါင်း ၁၆၅၃ ခုထက် ၁၈ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှုကျူးတင်က ပြောသည်။

ပြပွဲတွင် တရုတ် - အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ အီလက်ထရွန်နစ် စီးပွားရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ အပြာရောင်စီးပွားရေးနှင့် အခြားနယ်ပယ်များနှင့်ပတ်သက်သည့် ဆွေးနွေးပွဲ ဖိုရမ် ၁၉ ခုကို လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်သည် ၂၁ ရာစု ပိုးလမ်းမ စီးပွားရေးနှင့် ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းစီမံကိန်း၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပြီး တရုတ်-အာဆီယံ ကုန်စည်ပြပွဲ နှစ် ၂၀ ပြည့်လည်းဖြစ်သည်။

**ဆင်ဟွာ**

## ရေဘေးဒဏ်သင့် လစ်ဗျားနိုင်ငံသို့ ထောက်ပံ့ကူညီရန် ကုလသမဂ္ဂက နိုင်ငံတကာကို တိုက်တွန်း

**ထရီပိုလီ စက်တင်ဘာ ၁၆**
ရေကြီးရေလျှံမှုဒဏ်သင့် လစ်ဗျားနိုင်ငံသို့ ထောက်ပံ့ကူညီမှုများ ချက်ချင်း ဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂက နိုင်ငံတကာအသိုင်းအဝိုင်းကိုတိုက်တွန်းလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး မာတင်ဂရစ်ဖစ်စ်က သောကြာနေ့တွင် ဂျီနီဗာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းက လစ်ဗျားနိုင်ငံတွင် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်မှာ တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းပြီး နောက်ဆက်တွဲ အကျိုးဆက်များမှာ မှန်းဆ၍မရကြောင်း ပြောသည်။

ဘေးဒဏ်သင့် ဒေသများမှ ပြည်သူများမှာ စားနပ်ရိက္ခာနှင့် အမိုးအကာများ လိုအပ်သည့်အပြင် ရွှံ့နွံနှင့် အဆောက်အအုံအပျက်အစီးများ အောက်၌ ပိတ်မိနေသော အသက်ရှင်ကျန်ရစ်သူများကို ကယ်တင်နိုင်ရန်အတွက် ပစ္စည်းကိရိယာများ လိုအပ်လျက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ထို့အပြင် ကာလဝမ်းရောဂါ ဖြစ်ပွားမည်ကို စိုးရိမ်သည့်အတွက် ဆေးဘက်ဆိုင်ရာစနစ်တစ်ခု ထူထောင်ထားသင့်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။ တနင်္လာနေ့က မိုးသည်းထန်စွာ ရွာသွန်းရာမှ ဖြစ်ပေါ်လာသည့် ရေကြီး ရေလျှံမှုများကြောင့် နိုင်ငံအရှေ့ဘက်ပိုင်းရှိ ဒေသအများအပြား ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အမှန်တကယ် ပျက်စီးဆုံးရှုံးမှုပမာဏကို မသိရှိရသေးပေ။ ကယ်ဆယ်ရေးနှင့် ကူညီရေးကြိုးပမ်း အားထုတ်မှုများတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အဆိုပါဖြစ်ရပ်ကြောင့် ဒါနာမြို့မှာ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ပြီး ဒါနာမြို့တော်ဝန်က လက်ရှိအချိန်အထိ အတည်ပြုသေဆုံးသူ ၈၀၀၀ ခန့်ရှိကြောင်းနှင့် နောက်ဆုံးမှာ သေဆုံးသူအရေအတွက်သည် ၂၀၀၀၀ ကျော်အထိ ရှိနိုင်ကြောင်း အင်န်အိတ်ချ်ကေသို့ ပြောသည်။

**အင်န်အိတ်ချ်ကေ**


လစ်ဗျားနိုင်ငံ ဒါနာမြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားသော နေရာတစ်ခုကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

### အမေရိကန်၌ ၂၀၂၃ ခုနှစ် ပထမရှစ်လအတွင်း သေနတ်ပစ်ခတ်မှုပေါင်း ၄၇၀ ဖြစ်ပွား

၂၀၂၃ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်နိုင်ငံတစ်ဝန်း သေနတ်ပစ်ခတ်မှုပေါင်း ၄၇၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူပေါင်း ၂၅၀၀၀ ကျော်ရှိသည်ဟု ယူအေအီးနိုင်ငံ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ဂပ်ဖ်နယူးစ်တွင် ဖော်ပြထားသည်။ ပျမ်းမျှအားဖြင့် အသက် ၁၇ နှစ်အောက် ကလေး ၂၂ ဦးမှာ နေ့စဉ်ပစ်ခတ်ခံနေရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ လက်နက်ကိုင်ဆောင်မှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခွင့်အရေးတစ်စိတ်တစ်ပိုင်းဟု အမေရိကန်များက ယူဆထားကြပြီး ကလေးငယ်များနေ့စဉ်နှင့်အမျှ ပစ်ခတ်ခံနေရခြင်းကို ပြောင်းလဲနိုင်မည်မဟုတ်ဟု ဂပ်ဖ်နယူးစ်တွင် ဖော်ပြထားသည်။ ၂၀၀၄ ခုနှစ်မှစတင်ကာ သေနတ်ဖြင့်အကြမ်းဖက်ခံရခြင်းကြောင့် ဒဏ်ရာရရှိသူဦးရေတိုးလာပြီး ၂၀၂၁ ခုနှစ်တွင်မူ ဒဏ်ရာရရှိသူ ၄၈၈၃၀ အထိရှိလာသည်ဟု စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

### အိန္ဒိယနိုင်ငံ၌ နီပါးဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးအစီအမံများကို တိုးမြှင့်လုပ်ဆောင်

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်ရှိ အာဏာပိုင်များသည် နီပါးဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် စောင့်ကြည့်မှုအစီအမံများကို တိုးမြှင့်ထားကြောင်း တာဝန်ရှိသူများက စက်တင် ဘာ ၁၆ ရက်တွင် ပြောကြားသည်။ ကိုဇ်ဟီကုတ်ခရိုင်တွင် ယခုအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦးရှိပြီး နှစ်ဦးမှာ သေဆုံးသွားခဲ့သည်။ ယခုအချိန်အထိ ကိုဇ်ဟီကုတ်ခရိုင်ရှိ နီပါးဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသူနှင့် ထိတွေ့သူပေါင်း ၁၀၈၀ ရှိကြောင်း၊ ၎င်းတို့အနက် ၂၉၇ ဦးသည် ဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်ရှိသော အမျိုးအစားတွင် ပါဝင်နေကြောင်း အစိုးရပိုင်ရုပ်သံလွှင့်ဌာန အေအိုင်အာကဆိုသည်။ ကီရာလာပြည်နယ်အတွင်းရှိ ကိုဇ်ဟီကုတ်နှင့် မာလတ် ပူရမ်ခရိုင်များ၌ ၂၀၁၈ ခုနှစ်က နီပါးဗိုင်းရပ်စ်ကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့ပြီး ၁၇ ဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ**

### ဘေးဒဏ်သင့် လစ်ဗျားနိုင်ငံသို့ နော်ဝေးက အမေရိကန်ဒေါ်လာ နှစ်သန်းကျော် ထောက်ပံ့မည်

လစ်ဗျားနိုင်ငံတွင် မြေထဲပင်လယ်မုန်တိုင်း ဒန်နီရယ်ကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်နော်ဝေးနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂ သန်း ထောက်ပံ့ပေးသွားမည်ဟု ကတိပြုခဲ့သည်။ နော်ဝေး ဒုက္ခသည်ကောင်စီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းနှင့် အီးယူအဖွဲ့တို့မှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဟု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အန်းဘီးတီဗီးနရင်းက ပြောသည်။ **ဆင်ဟွာ**



## ဆံတော်ရှင်ကျိုက်သိရီဓမ္မသိုက် စေတီတော်မြတ်ကြီး၌ နဂါးရုံဘုရား တည်ဆောက်ရန် အလှူငွေပေးအပ်

**အင်းတကော် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်သိရီဓမ္မသိုက် စေတီတော်မြတ်ကြီး၌ ဉာဏ်တော်အမြင့် ၄၅ ပေရှိ နဂါးရုံဘုရားကြီးတည်ဆောက်ရန် အလှူငွေ ပေးအပ်ပွဲနှင့် မြေသန့်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်၏ တောင်ဘက်မုခ်အနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အင်းတကော်မြို့ သဒ္ဓမ္မအလင်းရောင်ကျောင်းတိုက် ဆရာတော် ဉူးဇာဂရနှင့် ဆရာတော် သံဃာတော်များ ဟောကြားသည့် ရေစက်ချ မြတ်တရားကို နာယူကြပြီး နဂါးရုံဘုရား တည်ဆောက်ရန်အတွက် အလှူငွေ ကျပ်သိန်းပေါင်း ၄၂၀၀ ကို ရန်ကုန်မြို့နေ အလှူရှင် ဒေါ်မီမီကျော် (ME & GEMS) မိသားစုက ပေးအပ်လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဦးက လက်ခံယူသည်။

အဆိုပါ နဂါးရုံဘုရားကြီးသည် အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်မှု ရပ်နားထားရာမှ ယခု အလှူရှင် ထပ်မံပေါ်ပေါက်လာ၍ ပြီးစီးအောင်မြင်အောင် တည်ထားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ခွန်(ဝင်းပ)

## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ပုသိမ်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေး

**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေးနှင့် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၅ ရက်က ပုသိမ်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးရာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး လွှတ်တော်တရားသူကြီးနှင့် အဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်း အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်၊ ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်းအဆင်ပြေမှု ရှိ/ မရှိ၊ စားသောက်ရာတွင် အာဟာရ သင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရ အခြေအနေများကို စစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဆောင်ရွက်ဖြည့်ဆည်းပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က ပုသိမ်မြို့ အမှတ် (၈) ရပ်ကွက် တဂေါင်းမင်္ဂလာ စေတီတော် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ပုသိမ်လှကြည်

## မြို့နယ်များ၌ လူငယ်စကားဝိုင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ၏ စွမ်းဆောင်ရည်များ အားပေးမြှင့်တင်ရန် အတွေးအခေါ်အယူအဆများနှင့် အများသူရှေ့တွင် ပြောဆိုဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုရရှိစေရန် ရည်ရွယ်၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စည်းကမ်းစသည့် အကြောင်းအရာများအလိုက် လူငယ်စကားဝိုင်း အသိပညာပေးဆွေးနွေးပွဲများကို မြို့နယ်များအလိုက် ကျင်းပပေးနေမှုများကို စုစည်းဖော်ပြအပ်ပါသည်။

### ကာလိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ လူငယ်စကားဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲကို အခြေခံပညာအလယ်တန်းကျောင်း (တာကော်) ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-6၊ Grade-8 နှင့် Grade-9 ကျောင်းသား ကျောင်းသူများက ဦးဆောင်ဆွေးနွေးကာ အခြားကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး စာအုပ်စာစောင်များ ခင်းကျင်းပြသမှုကို ကြည့်ရှုလေ့လာကြသည်။ **မြို့နယ်(ပြန်/ဆက်)**



### သံတွဲ

ရခိုင်ပြည်နယ် သံတွဲမြို့ အထက(ခွဲ)မြို့မကျောင်း၌ လူငယ်အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။ ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် Youth Club အဖွဲ့ဥက္ကဋ္ဌ ကိုမင်းဒီပါကျော်နှင့် အဖွဲ့ဝင်များက လူငယ်များအား အသိပညာပေးဟောပြောသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူလေးများသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ **သန့်ဇင်(ပြန်/ဆက်)**



### တပ်ကုန်း

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် အ.ထ.က(ရွာတော)၌ စက်တင်ဘာ ၁၅ ရက်က လူငယ်စကားဝိုင်းကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အ.ထ.က(ရွာတော)မှ ကျောင်းသား ကျောင်းသူများက ဦးဆောင်ဆွေးနွေးကြသည်။ ထို့နောက် အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ဇော်က “လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု”၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လင်းထွန်း၊ မြို့နယ် Book Club အဖွဲ့ဝင် စာရေးဆရာမ သင်းသင်းလှိုင် (သင်းသင်းလှိုင်-တပ်ကုန်း)တို့က လူငယ်ရေးရာ အသိပညာများ ဆွေးနွေးကြသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

### မြို့သစ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့သစ်မြို့နယ် မြို့လုလင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မြို့လုလင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) G-11 မှ မောင်ဝေဇော်ဦးက လူငယ်နှင့်ကြီးပွားရေး၊ မောင်သူရဦးက လူငယ်နှင့် စာဖတ်ခြင်းအကျိုး၊ မသွယ်ဇင်က လူငယ်နှင့်ကျန်းမာရေး၊ G-12 မှ မောင်ဖုန်းမြင့်ဇော်က လူငယ်နှင့်ဝါသနာ၊ မလင်းလတ်အောင်က လူငယ်နှင့် အောင်မြင်ခြင်း၊ မခင်ခင်ကျော်က လူငယ်နှင့်ပညာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ **သန်းဝင်းထွန်း (ပြန်/ဆက်)**



### တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် အ-မ-က တပ်ဦးကျောင်း၌ စက်တင်ဘာ ၁၅ ရက်က လူငယ်အသိပညာပေး ဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အေးကိုကိုက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ဥပဒေဆိုင်ရာများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက ကလေးအလုပ်သမား ပပျောက်ရေးအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

### ရွှေကူ

ကချင်ပြည်နယ် ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက် (ခုံခမ်း) အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုချစ်စန္ဒီချိုက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပပသိန်းက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ဆွေးနွေးဟောပြောသည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၅၀ ကျော် တက်ရောက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလော

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှမ်း(မြောက်)ကို လှမ်းပါလို့ ရွှေမန်းဆီသို့ ဝင်ခဲ့သည်

မြင့်စိုး(နတလ)

### သီချင်းလေးတစ်ပုဒ်မှ အစပြု၍

သီချင်းအမည်က "မြန်မာ့စိတ်ဓာတ်"၊ တေးရေးလက်ရာရှင်က "သင့်ရဲဘော်"၊ တေးရေး သင့်ရဲဘော်သည် အခြားသူမဟုတ်ပါ။ တပ်မတော်သားဘဝက ကျွန်တော်တို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နယ်ဘက်ဝန်ထမ်းဘဝတွင် ထပ်မံရေစက်ဆုံခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်ဖြစ်ပါသည်။ သီဆိုခဲ့သည့်တေးသံရှင်က ရဲဘော်နိုင်ဝင်း၊

> ➢ ဒီမြေဟာ ငါတို့မြေ ....
> မြန်မာဘိုးဘွားတို့မြေ...
> ဒီမြေဟာ ငါတို့မြေ...
> မြန်မာပိုင် ဘိုးဘွားတို့အမွေ ...
> မြန်မာ့စိတ်ထားကို ကမ္ဘာသိစေမည်
> မြန်မာ့စိတ်ဓာတ်ကို ကမ္ဘာအနှံ့ပြမည်
> မျိုးချစ်စိတ် အသင့်ရှိသည် ...
>
> ➢ စီးပွားရေးပိတ်ဆို့တာ တို့မမှုပါ
> သယံဇာတတွေ ပေါတဲ့မြေ...
> တို့ရဲ့လုပ်သလို တိုးတက်မည်...
> တကယ်ကိုလုပ်တော့ အဟုတ်ဖြစ်မည်

...........................

သီချင်းစာသားက အားလုံး ခြောက်ပိုဒ်၊ အဘသင့်က နေတော့သာ ခပ်အေးအေး၊ ရေးထားသည့် စာလုံးတိုင်းမှာ အားရှိသည်၊ မာန်ရှိသည်။ သီဆိုသူကလည်း ရဲဘော်နိုင်ဝင်းတည်းဟူသော တပ်မတော်သားတစ်ဦး၊ တီးဝိုင်းသည်ပင်လျှင် အဘသင့် တိုင်းမှူးဘဝက ထူထောင်ပေးခဲ့သည့် မောကိန္နရီတီးဝိုင်းဖြစ်မည်ထင်ပါသည်။ မြန်မာ့စိတ်ဓာတ်သီချင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဆယ်စုနှစ်တစ်ခုမက လွှင့်ပျံ့ခဲ့သော၊ ရှင်းလင်းပြတ်သားစွာ ရပ်တည်ခဲ့သည့် နိုင်ငံ့ပုံရိပ်ကို ထင်ဟပ်စေသော သီချင်းဖြစ်ခဲ့သလို၊ တော်လောက်ပါပြီ ကိုသင့်ရယ်ဟု လူကြီးတစ်ယောက်က တားယူရသည်အထိ မကြာခဏ ထုတ်လွှင့်ခဲ့သော သီချင်းတစ်ပုဒ်လည်း ဖြစ်ခဲ့သည်။

သည်အကြောင်းတွေကို စီကာစဉ်ကာ ပြန်လည်တွေးတောနေမိသည့် နေရာက လားရှိုးမြို့၏ ရိပ်သာတစ်ခုမှာ၊ ထိုနေရာကနေ လှမ်းကြည့်လျှင် လားရှိုးတက္ကသိုလ်ကြီးကို မြင်နေရသည်။ တက္ကသိုလ်အဆင့် မရောက်မီ ၁၉၇၈ ခုနှစ်တွင် ရှမ်းပြည်နယ်ဒေသကောလိပ်ဖြစ်ခဲ့သည်။ ထိုမှ ၁၉၈၀ ပြည့်နှစ်တွင် လားရှိုးကောလိပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ်ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ လက်ရှိပါမောက္ခချုပ်မှာ ဒေါက်တာငွေးအောင်ဖြစ်ကြောင်းလည်း သိခွင့်ရခဲ့သည်။ လားရှိုးကောလိပ်ဘဝက ကျောင်းဆောင်တစ်ခုကို နယ်စပ်/ စည်ပင်ဝန်ကြီးအနေဖြင့် အဘသင့် ဖွင့်လှစ်ပေးခဲ့ဖူးကြောင်း ကောင်းကောင်းမှတ်မိနေ၍ အတွေးဝင်နေခြင်းဖြစ်ပါလိမ့်မည်။ ပြန်လည်တွက်စစ်ကြည့်လိုက်သောအခါ လားရှိုးအပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ နောက်ဆုံးရောက်ရှိခဲ့သည်က ၂၀၁၇ ခုနှစ်ဖြစ်၍ ခြောက်နှစ်ကြီးများတောင် ကြာခဲ့ပါပကောလား။



ဖွံ့ဖြိုးစည်ပင်လာသော ယနေ့လားရှိုးမြို့မြင်ကွင်း။

- ❑ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ကျေးရွာပေါင်း ၁၅၅ ရွာ ရွေးချယ်ကာ ကျေးရွာတစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ
- ❑ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်မည့် လုပ်ငန်းရှင် ၇၇၅ ဦး ပေါ်ထွက်လာမည်ဖြစ်

ရိုသေလေးစားရပါသော ကျွန်တော်တို့ အဘသင့်သည်ပင်လျှင် လူ့ဘဝ၊ လူ့လောကကြီးထဲမှာ မရှိတော့ပြီ။ သူ တိုင်းမှူးဘဝ၊ ရမခနှင့် မောကိန္နရီ တီးဝိုင်းသည် ခွဲခြား၍မရသလို ရမခ ရိပ်သာမြက်ခင်းပြင်ကိုလည်းပဲ ငြိမ်းချမ်းရေးပန်းရနံ့များဖြင့် ထုံမွှမ်းပျံ့သင်းစေခဲ့သည်။ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်အတွင်းတွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ကိုးကန့် အထူးဒေသ(၁)၊ 'ဝ'အထူးဒေသ(၂)၊ ရှမ်းအထူးဒေသ (၃)တို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ၁၉၉၁ ခုနှစ်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော PSLA အဖွဲ့၊ KDA (ကောင်းခါး) အဖွဲ့တို့မှ တိုင်းရင်းသားခေါင်းဆောင်များ အားလုံးတို့သည် ထိုမြက်ခင်းပြင်သို့ စုဝေးရောက်ရှိခဲ့ကြဖူးသည်။ ငြိမ်းချမ်းရေးတွဲလက်များကို ခိုင်မြဲအောင် စည်းနှောင်ပေးခဲ့သောနေရာတစ်ခု ဖြစ်ခဲ့ဖူးသည်။ ထိုအချိန်က ညစာဖြင့်တည်ခင်းဧည့်ခံခဲ့သော ပွဲတိုင်းမှာ မောကိန္နရီအဖွဲ့၏ တေးသံသာများကို ကြားခဲ့ရသည်။ သတိရလိုက်ပါဘိတော့။



လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာရှိ ဘက်စုံသုံးခန်းမ။

### မှန်းလို့သာရသည် တန့်ယန်းမြို့လေးဆီ

ခရီးစဉ်မှာ မိုင်းရယ်နှင့် တန့်ယန်းမြို့များသို့ နေ့ချင်းပြန် ဆွဲထားသော်ငြားလည်း အကြောင်းအားလျော်စွာ မရောက်ဖြစ်တော့ပါ။ ကျွန်တော်နောက်ဆုံးရောက်ခဲ့သည်မှာ နတလ ဒုတိယညွှန်ကြားရေးမှူးချုပ်ဘဝဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် သွားခဲ့သည့်ခရီးစဉ် ဖြစ်သည်။ သံလွင်အရှေ့ခြမ်းတွင် သီတင်းသုံးနေကြသော သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းလာခဲ့ရာ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ကိုယ်စား) ကျွန်တော်သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဗမာတိုင်းရင်းသားဝန်ကြီး ဒေါက်တာအောင်သန်းမောင် တက်ရောက်ခဲ့ပါသည်။ သို့ကလိုတာဝန်ဖြင့် သွားခဲ့ရသည်ဆိုသော်ငြားလည်း တန့်ယန်းမြို့လေးသည် ကျွန်တော်နှင့်မစိမ်းခဲ့ပါ။ ၁၉၈၃ ခုနှစ် သံလွင်အရှေ့ခြမ်းက လွယ်ပန်လုံစခန်းကုန်းများကို တပ်မ (၆၆) တပ်ရင်းများ၊ ရမခတပ်ရင်းများက တိုက်နေချိန်၊ ကျွန်တော်တို့ တပ်မ (၅၅) တပ်ရင်းက သံလွင်အနောက်ခြမ်းမှာ စခန်းထိန်း၊ လမ်းထိန်း၊ ကမ်းထိန်းတာဝန်ကိုယူရင်း စတင်ရောက်ဖူးခဲ့ခြင်း ဖြစ်သည်။ တန့်ယန်းနှင့် ရေစက်တွေမကုန်နိုင်အောင် ဆုံလိုက်ကြပုံများ ၁၉၈၈ ခုနှစ်မှာ ထိုမြို့က ခလရ (၃၃)တပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး ၁၉၉၁ ခုနှစ်အထိ တန့်ယန်းသားလုပ်ခဲ့ရသည်။ ဆိုရသော်... ဤမြို့သေးသေးလေးနှင့် လွယ်အင်၊ နမ့်ပေါင်၊ မိုင်းကောင်၊ ဆယ်ဟီကတောင်၊ လွယ်ဆေး၊ နောင်ဖာ၊ နောင်လိုင်၊ နမ့်မူဆယ် ဒေသတွေမှာ ကျွန်တော် ပျော်မွေ့ခဲ့ဖူးသည်။

သွားဖြစ်ခဲ့ပါမူ ရှေးဦးစွာ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ဆရာတော်ကြီး ဂန္ထဝါစက ပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလအား သွားရောက်ဖူးမြော်မည်။ ပြီးလျှင် ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇ ပျံလွန်တော်မူသွားခဲ့ပြီဖြစ်သော ဝေဠုဝန် ပရိယတ္တိစာသင်တိုက်ကို သွားမည်။ အလားတူ သီလရှင်ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ပညာစာရီ မရှိတော့သည့် ရွှေမောင်း သီလရှင်စာသင်တိုက်သို့လည်း ဝင်ရောက်ဦးခိုက်လိုက်ဦးမည်။ ယင်းနောက်မှ တန့်ယန်းမြို့မှာ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းမည်။ ရောက်တုန်းရောက်ခိုက်မှာ လူငယ်သင်တန်းကျောင်းလေးရှိရာသို့လည်း အပြေးအလွှားသွားရောက်ရန် စိတ်ကူးထားလိုက်သေး၏။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ။ လွန်ခဲ့သော ၃၅ နှစ်ခန့်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသော ကျွန်တော့်မိတ်ဆွေများဖြစ်သည့် ကိုအောင်စန်း၊ ကိုဝင်းဇော်ဦး၊ ကိုကျော်ချစ်မောင်တို့အတွက်လည်း လက်ဆောင်တွေ ယူသွားဦးမည်ပေါ့။ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာနှင့် မကြာခဏသွားခဲ့ဖူးသည့် မိုင်းရယ်မြို့လေးကိုတော့ တန့်ယန်းအပြန် ဝင်ဖြစ်အောင်ဝင်မည်။ မိမိဝန်ထမ်းများနှင့် တွေ့ဆုံမည်၊ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ကြမည်။ သို့သော်... စိတ်ကူးနှင့်သာ မှန်းမျှော်၍ လှမ်းလိုက်ရပါသည် တန့်ယန်းမြို့လေးရေ။ စောင့်ပေဦးတော့။

### ဦးခိုက်ဖူးမြော် မန်ဆူဆရာတော်

လားရှိုးမြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ လုပ်စရာရှိတာတွေ ခဏထား၊ မဖြစ်မနေ သွားရမှာက မန်ဆူကျောင်းဟု ကျွန်တော့်အာရုံထဲတွင် ပေါ်နေလေတော့ရာ ယင်းကျောင်းတိုက်သို့သွား၍ ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကန်တော့ခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်း၌ မိုခါမုန်တိုင်းမတိုက်ခတ်မီအချိန် ပထမတစ်ခေါက်သွားစဉ်က ဆရာတော်ကြီးအား စစ်တွေလေဆိပ်တွင် ဖူးမြော်ခွင့်ရခဲ့သည်။ ဒုတိယအကြိမ်က နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဖြစ်သည်။ ယခုပြီးခဲ့သည့် ဩဂုတ်လ ၁၆ ရက်နေ့ လားရှိုးမြို့ ခရီးစဉ်မှာ တတိယအကြိမ် သွားရောက်ဖူးမြော်ခဲ့သည်။ ထိုနေ့သည်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*
ဒုတိယဝါဆိုလကွယ် ဥပုသ်နေ့ဖြစ်၍ ကျောင်းဝင်းအတွင်း ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ဆွမ်းပို့သူများ၊ ဆရာတော်အား လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားများပြားနေပါသည်။ လားရှိုး ညဈေး၊ မန်ဆူဈေး၊ လားရှိုးကြီး၊ လားရှိုးရေပူစမ်း၊ အေတီဂိတ်တို့သည်လည်းကောင်း၊ မန်ဆူဘုရားနှင့် မန်ဆူဘုန်းတော်ကြီးကျောင်း၊ ရန်တိုင်းအောင်စေတီ၊ သာသနာ ၂၅၀၀ စေတီကုန်း၊ လားရှိုးမြို့လယ်ဘုရားကြီး၊ ရန်အောင်မြင်ဘုရား၊ ရေကန်တောင်ဘုရားဆိုသည့် ဘွဲ့အမည်နာမတို့သည်လည်းကောင်း ကျွန်တော့်ဘဝတစ်သက်တာတွင် မေ့နိုင်စရာအကြောင်း မရှိတော့ပါပေ။

## တံတားဦး - လားရှိုးခရီးစဉ်အစ

ဩဂုတ်လ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့သော လေယာဉ်သည် ပျံသန်းချိန် ၄၅ မိနစ်ခန့်မှာ လားရှိုးလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။ မရောက်တာကြာပြီဖြစ်သလို လေယာဉ်ခရီး မသွားဖြစ်ခဲ့သည်မှာလည်း အတော်ကြာခဲ့ပြီပဲ။ သို့သော် လားရှိုးလေဆိပ်ကို တက်ဆင်းပြုလုပ်တိုင်း ပတ်ဝန်းကျင်မှာ အမြင့်ဆုံးဖြစ်နေသည့် ဆင်တောင်ကို ဖျတ်ခနဲ အမှတ်ရပြီး ငုံ့ကြည့်လိုက်မိသည်။ တွေ့လိုက်ပါပြီ ဆင်တောင်ကို၊ တောင်ကြီး ဖဝါးအောက်၊ တောင်မြင့်သော်လည်း လေယာဉ်အောက်ပါ တကား။ လေဆိပ်မှာ လာကြိုသူများကို နှုတ်ဆက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ဆက်လက်ထွက်ခွာကာ မိမိတို့ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပါသည်။ ဘယ်ပြည်နယ်၊ ဘယ်တိုင်းဒေသကြီးကိုပဲ ရောက်ရောက် ဝန်ထမ်းများနှင့် တွေ့ဆုံနိုင်ဖို့ကို ကျွန်တော် အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံမှာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို သိစေချင်သည်။ မိမိတို့ ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များကိုလည်း သဘောပေါက် နားလည်စေချင်သည်။ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ဦးစီးဌာနအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်၊ အထက်အောက် အပြန်အလှန် လေးစားမှု၊ ကူညီစောင့်ရှောက်မှုတို့ဖြင့် ဌာနတွင်း စည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်ရန်၊ ပါတီနိုင်ငံရေးကင်းရှင်းရန်၊ အဂတိတရား ကင်းရှင်းရန်တို့အတွက်လည်း မှာချင်သည်။

## ဝန်ထမ်းများဘဝ မြင့်မားတိုးတက်ရေး

ထပ်မံ၍ အလေးထားမှာကြားသည်ကတော့ ကံဆိုသည်မှာ အလုပ်ဟုခံယူကာ မိမိ ဦးစီးဌာန၊ မိမိဝန်ကြီးဌာန၊ မိမိတို့ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းရွက်ရင်း ဝန်ထမ်းများအနေဖြင့် မိမိဘဝမြင့်မားတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေကြရန်၊ ဌာနတွင်း ရာထူးတိုးကိစ္စများတွင် သမာသမတ်ရှိစေရေး၊ မျှတမှုရှိစေရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များကို သိရှိထားပြီး ရာထူးနေရာအလိုက် ရေးဖြေ၊ အကဲဖြတ်အမှတ်၊ လုပ်သက်အမှတ်များအတွက် တန်းစီဇယားထိပ်သို့ ရောက်ရှိအောင် ကြိုးစားကြရန်၊ ပုံမှန် ရုံးတက်ရုံးဆင်းလိုက်၊ Facebook ကြည့်လိုက်ဖြင့် တစ်နေကုန် အချိန်ဖြုန်းမနေဘဲ အခြားဝန်ကြီးဌာနက ခေါ်ယူသော တစ်ဆင့်မြင့် ရာထူးနေရာများ၊ ဝန်ကြီးဌာနက ခွဲဝေရရှိသည့် နိုင်ငံခြားပညာတော်သင်ဆုများအတွက် သတ်မှတ်အရည်အချင်း ကိုက်ညီပြည့်မီသော ဝန်ထမ်းများအနေဖြင့် ဝင်ရောက်ဖြေဆိုကြရန်၊ ထိုသို့ ယှဉ်ပြိုင်ဖြေဆိုနိုင်ရေးအတွက် အချိန်ကို အကျိုးရှိရှိအသုံးချပြီး ကြိုးစားအားထုတ်ကြရန်တို့ပဲ ဖြစ်ပါသည်။ အမှန်တကယ်လည်း သူတို့ဘဝတွေ မြင့်မားတိုးတက်စေချင်ပါသည်။



သမဝါယမကောလိပ်(မန္တလေး) ပင်မဆောင်။

## ခေသူများမဟုတ်ကြသည့် နမ့်စံလွယ်ရွာ

ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအပြီးတွင် လားရှိုးမြို့နယ်ထဲက နမ့်စံလွယ်ကျေးရွာသို့ သွားရောက်ခဲ့သည်။ မန်အိုင်ကျေးရွာအုပ်စုအတွင်းရှိ နမ့်စံလွယ်ကျေးရွာတွင် အိမ်ခြေ ၅၄၇ အိမ်၊ လူဦးရေ ၂၇၀၀ နီးပါးနှင့် ပလောင်တိုင်းရင်းသားအများစု နေထိုင်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်နေကြပြီး စပါးနှင့် ပြောင်းသီးနှံများ စိုက်ပျိုးကြသည်။ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း ရှိနေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာမှ ထည့်ဝင်ငွေကျပ် ၄၄ ဒသမ ၉၈ သိန်း၊ စုစုပေါင်း ၅၄ ဒသမ ၉၈ သိန်းဖြင့် ဆောက်လုပ်ထားသော ကျေးရွာခန်းမကြီးထဲမှာ ရွာသူ ရွာသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ညှိနှိုင်းဆွေးနွေးမှာကြားဖြစ်ခဲ့သည်။ နမ့်စံလွယ် ပလောင်တိုင်းရင်းသားများသည် ခေသူများမဟုတ်ကြပါ။ မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော စံပြကျေးရွာ (SMART Village) စီမံကိန်းများအကြောင်း နားလည်သိရှိထားပြီး နမ့်စံလွယ်ကျေးရွာအား စံပြကျေးရွာအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရေး၊ ကုန်ထုတ်လမ်းများ ခွင့်ပြုပေးရေး တင်ပြတောင်းခံလာရာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## သမ/ကျေးလက် ပြည်သူ့အတွက်

နမ့်စံလွယ်ကျေးရွာမှ မန်အိုင်ကျေးရွာသို့ ကူးခဲ့သည်။ မန်အိုင်ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်းဖွင့်လှစ်၍ သင်ကြားပေးခဲ့သော နည်းပညာဖြင့် သင်တန်းသားသင်တန်းသူ ခြောက်ဦး စုပေါင်းလုပ်ကိုင်နေကြသော ဆပ်ပြာရည်အမျိုးမျိုး ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ နေရာ အဆောက်အအုံနှင့် ထုတ်လုပ်ရောင်းချနေသည့် ကုန်ပစ္စည်းများကအစ သေသပ်ကောင်းမွန်စွာ စနစ်တကျရှိနေပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ကျေးရွာပေါင်း ၁၅၅ ရွာ ရွေးချယ်ကာ ကျေးရွာတစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သတ်မှတ်သင်တန်းကာလအတွင်းတွင် အခြေခံ၊ အဆင့်မြင့် စက်ချုပ်သင်တန်းများ၊ မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းများ၊ စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းများ၊ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းများ၊ ဝါးလက်မှုထည်သင်တန်းများ၊ သစ်အခြေခံ ပရိဘောဂသင်တန်းများ၊ လက်ရက်ကန်းသင်တန်းများနှင့် ဖယောင်းတိုင်ထုတ်လုပ်မှုနည်းပညာသင်တန်းများ အပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ မွမ်းမံသင်တန်းများ ဖွင့်လှစ် သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားများထဲမှ ထူးချွန်သင်တန်းသား ငါးဦး ရွေးချယ်ကာ ကိုယ်ပိုင်လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရေး ကျပ် ၁၀ သိန်းစီနှင့်ညီမျှသော လုပ်ငန်းအထောက်အကူပြု ပစ္စည်းများအား ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပံ့ပိုးပေးအပ်ခဲ့သည်။ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်မည့် လုပ်ငန်းရှင် ၇၇၅ ဦး ပေါ်ထွက်လာမည် ဖြစ်ပါသည်။

## လားရှိုးလူငယ်သင်တန်းကျောင်း

လားရှိုးမြို့သို့ ရောက်တုန်းရောက်ခိုက် တစ်ချိန်က မိမိတာဝန်ထမ်းဆောင်ခဲ့ဖူးသော နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့လည်း အချိန်ပေးဝင်ရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြား၍ စားရိပ်သာအတွက် ငွေကျပ် သုံးသိန်း ပေးအပ်ခဲ့ပါသည်။

## လားရှိုးမှသည် ရွှေမန်းဆီသို့

ဩဂုတ်လ ၁၆ ရက်နေ့ လားရှိုးမှထွက်ခွာမည့် လေယာဉ်ချိန်စောခဲ့ပါမူ မန္တလေးတွင် ညအိပ်ရန်မလိုဘဲ နေပြည်တော်သို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်သည်။ သို့သော် လေယာဉ်က ညနေပိုင်းမှထွက်ခွာသောအခါ မြို့ရွှေမန္တလာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ ပုသိမ်ကြီးနှင့် ကျောက်ဆည်ဒေသတွင် မိုးစပါးစိုက်သမဝါယမအသင်းများ ဖွဲ့စည်းစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မန်းတောင်ရိပ်မျိုးစေ့ထုတ် သမဝါယမအသင်း၏ မျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိခဲ့သည်။ ထိုမှ တစ်ဆင့် မနောယျမကျေးရွာသို့ သွားရောက်ကာ အသင်းသားတောင်သူများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးဖိုးကျော်တို့၏ လယ်များကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ မဂျမ်းတောစပါးမျိုးဖြင့် ယမန်နှစ်က ၁ ဧက တင်း ၈၀ ထွက်ရှိအောင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ယင်းနောက် ရွာသစ်ကျေးရွာ ပုဗ္ဗာရာမ ဘုန်းတော်ကြီးကျောင်းတွင် အသင်းသားတောင်သူများ၊ ရွာသူရွာသားများနှင့် တွေ့ဆုံ၍ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန် တို့ကို တိုက်တွန်းမှာကြားကာ သဘာဝမြေသြဇာများကိုပါ အသုံးပြုရေး၊ လယ်ယာမြေများ အကြောင်းအမျိုးမျိုးဖြင့် လျော့ပါးမသွားစေရေးတို့အတွက်လည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များကိုပါ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## သမဝါယမကောလိပ်(မန္တလေး)

ပုသိမ်ကြီးမြို့နယ်ထဲကို ရောက်နေမှတော့ သမဝါယမကောလိပ်(မန္တလေး)ဆိုသည်မှာ ခရီးမဝေးတော့ပါ။ တစ်ချိန်မှာ နိုင်ငံတော်က အားထားရသော စီးပွားရေးပညာရှင်များ မွေးထုတ်ပေးရန်၊ စာပေသင်ကြားရေးသာမက မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် ရှင်သန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးနှင့် ဆရာ ဆရာမများကို မှာကြားပြီး ကျောင်းသားကျောင်းသူလေးများအား တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ ထမင်းစားချိန်နှင့်လည်း ကြုံကြိုက်နေ၍ ၎င်းတို့၏ စားရိပ်သာကိုပါ ကြည့်ရှုခဲ့သည်။ ကောလိပ်စာကြည့်တိုက်သို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး စာအုပ်စာစောင်များ ထပ်မံဖြည့်တင်းပေးနိုင်ရန် စိတ်ကူးရရှိခဲ့၏။ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် စာအုပ်တွေကြားမှာ ပျော်မွေ့စေချင်ပါသည်။ သမဝါယမကောလိပ်(မန္တလေး)၏ ပထမနှစ် ကျောင်းသူလေးများအား စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လိုလိုလားလား တက်ရောက်သင်ယူနေကြကြောင်းသိရ၍ သူတို့လေးတွေ၏ စိတ်အားထက်သန်မှုအတွက် အံ့သြဝမ်းသာမိပါသည်။

## အောင်တော်မူစေတီဖူး၍ ပြန်ခဲ့သည်

ခရီးစဉ်အရ ပုသိမ်ကြီးမှ စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက်သို့ လည်းကောင်း၊ ထိုမှ ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသော အခြေခံစက်ချုပ်နည်းသင်တန်းသို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ကာ နွားနို့နှင့် ဒိန်ချဉ်ထုတ်လုပ်နေသော ဒီနေလင်း ဒိန်ချဉ်လုပ်ငန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ ဆက်လက်၍ ပတ္တာကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသားတောင်သူ ဦးဝင်းမြင့်နောင်၏ လယ်မြေ ၁၅ ဧက၊ တောင်သူဦးငြိမ်း၏ လယ်မြေ ၁၀ ဧကတို့တွင် ရောပဒေသာစပါးမျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးခဲ့သည်။ ထိုမှ ရှမ်းရွာကြီးကျေးရွာသို့ကူးကာ အရှေ့ရွာနန်းနှင့် တောင်ပလူ စိုက်ပျိုးရေး သမဝါယမ အသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကျောက်ဆည်မြို့သို့ ရောက်ရှိစဉ် ကျွန်တော် တပ်မတော်သားဘဝ စတင်တာဝန်ထမ်းဆောင်ခဲ့သော မိခင်တပ်ရင်းသို့ ခေတ္တဝင်ရောက်ကာ ရိပ်သာအနီးတွင် တည်ထားသော အောင်တော်မူစေတီကို ဖူးမြော်၍ ဘုရားအတွက် အလှူငွေ သုံးသိန်း၊ တပ်ရင်းမှ အိမ်ထောင်သည်ရဲမေများအတွက် ခုနစ်သိန်း လှူဒါန်းခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က ထုံးသင်္ကန်းဖွေးဖွေးနှင့် အောင်တော်မူစေတီကို ရွှေသင်္ကန်းတဝင်းဝင်းနှင့် ထပ်မံဖူးတွေ့ခွင့်ရခဲ့သည်။ ကျွန်တော်၏ နေပြည်တော်အပြန်ခရီးသည် လွန်ခဲ့သော နှစ်များစွာက ကျောက်ဆည်ဒေသ ပုံရိပ်များဖြင့် တွဲခိုလျက်…။ ။



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ သွေးလှူဒါန်းမှုကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၆** (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ကကြီးမှူး၍မန္တလေးတိုင်းဒေသရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲ၊ မဟာအောင်မြေခရိုင်ရဲတပ်ဖွဲ့၊ အမရပူရခရိုင် ရဲတပ်ဖွဲ့နှင့် အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့တို့မှ အရာရှိတပ်ဖွဲ့ဝင် ၃၂ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၆၇ ဦးနှင့် စာရေးဝန်ထမ်း လေးဦးတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းနေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်နှင့် ရဲမှူးကြီး မောင်မောင်အေးတို့က လိုက်လံကြည့်ရှုနှုတ်ဆက်အားပေးကာ ကြက်ဥ၊ နွားနို့ စသည့်အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆** စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့်



ဒေသခံ ပြည်သူစုစုပေါင်း ၆၈၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၅၅ ဦး၊ ခွဲစိတ်ရောဂါ ၅၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၆ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၈၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၉၄ ဦးနှင့် သွားရောဂါ ၅၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ၁၁ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦး တို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၅၄ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၁၀ တို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန်လိုအပ်သူ ၅၀ ကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူတစ်ဦးအား နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်



ပေးသည်။ ယင်းနောက် မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ဒေသခံပြည်သူများအား ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက နေကာမျက်မှန်များ တပ်ဆင်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှတာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကစားသမားများအဖြစ် **ဂိုးသမား**- ဇင်ညီညီအောင် (ဒဂုံစတား)၊ ပြည့်ဖြိုးအောင် (ဟံသာဝတီ)၊ ပြည့်ဖြိုးသူ (ရတနာပုံ)၊ **နောက်တန်း**- ကောင်းထက်ပိုင်၊ သက်ဟိန်းစိုး (ရတနာပုံ)၊ မင်းခန့် (ရခိုင်)၊ ဟိန်းဇေယျာလင်း၊ ဇင်ကိုထက်၊ ဉာဏ်လင်းထက် (ရန်ကုန်)၊ ဖွဲ့ခန့်မင်း (ရှမ်းယူနိုက်တက်)၊ လတ်ဝေဘုန်း (ဧရာဝတီ)၊ **အလယ်တန်း** – အာကာကျော် (မဟာယူနိုက်တက်)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်)၊ ဝေလင်းအောင်၊ မင်းမြတ်စိုး (ဒဂုံစတား)၊ နေမိုးနိုင်၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ **ရှေ့တန်း**-ချစ်အေး (ရတနာပုံ)၊ ထက်ဖြိုးဝေ(ရှမ်းယူနိုက်တက်) နှင့် ရန်ကျော်ထွေး (ရန်ကုန်)တို့ ပါဝင်သည်။ မြန်မာဘောလုံးအသင်းသည် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ဟန်ကျိုးမြို့သို့ ထွက်ခွာသွားသည်။

**အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်**

မြန်မာအသင်းသည် အိမ်ရှင်တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် တရုတ်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် နှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၆ သင်း နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

❍ *ကျောဖုံးမှ*

အိမ်ရှင်ဝုဖ်အသင်းက ခံစစ်အသားပေးကစားကာ ရံဖန်ရံခါမှသာ လီဗာပူးအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။

ဦးဆောင်ဂိုးကို ဝုဖ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၇ မိနစ်တွင် ဟွမ်ဟီချန်းက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် လီဗာပူးအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၅၅ မိနစ်တွင် ရရှိခဲ့ပြီး ဆာလာ၏ ဖန်တီးမှုမှ ဂတ်ပိုက သွင်းယူပေးခဲ့သည်။

ပွဲချိန် ၅၆ မိနစ်တွင် ကစားအားကျဆင်းလာသည့် ဂတ်ပိုနှင့် ဂျိုတိုတို့ကို အနားပေးကာ အီလီအော့နှင့် ဒါဝင်နူနက်ဇ်တို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ထို့နောက် လီဗာပူးအသင်း၏ ကစားအား သိသိသာသာတက်လာခဲ့ပြီး ဝုဖ်အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု မကြာခဏပြုလုပ်နိုင်ခဲ့သည်။

လီဗာပူးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ရရှိခဲ့ပြီး ဆာလာ၏ ဖန်တီးမှုမှ အသင်းခေါင်းဆောင် ရော်ဘတ်ဆန်က သွင်းယူပေးနိုင်ခဲ့သည်။ ရော်ဘတ်ဆန်၏ ယခုပွဲစဉ်သည် ၎င်း၏ ပရီမီယာလိဂ်ပွဲ ၂၀၀ ပြည့်မြောက်သည့် ပွဲစဉ်လည်းဖြစ်သည်။ ပွဲချိန်ပြည့်ခါနီးတွင် လီဗာပူးအသင်း တတိယဂိုးရရှိခဲ့ပြီး ဆာလာ၏ ဖန်တီးမှုမှပင် လူစားဝင်ကစားသမား အီလီအော့က သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် လီဗာပူးအသင်းက ငါးပွဲကစားပြီး လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၃ မှတ် ရရှိထားသည်။ ပြိုင်ဘက်ဝုဖ်အသင်းက ငါးပွဲကစားပြီး တစ်ပွဲနိုင်၊ လေးပွဲရှုံးဖြင့် ရမှတ် သုံးမှတ်သာ ရရှိထားသေးသည်။

ည ၈ နာရီခွဲက တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ဘရိုက်တန်က မန်ယူကို သုံးဂိုး – တစ်ဂိုး၊ ဖူလ်ဟမ်က လူတန်ကို တစ်ဂိုး – ဂိုးမရှိ၊ မန်စီးတီးက ဝက်စ်ဟမ်းကို သုံးဂိုး– တစ်ဂိုး၊ အက်စ်တွန်ဗီလာက ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို စပါးနှင့် ရှက်ဖီးလ်အသင်းပွဲစဉ်တွင် စပါးက နောက်ကျသွင်းဂိုးများနှင့် အတူ နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



(၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်၊ မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်နိုင်နှင့် တပ်ဖွဲ့ဝင်များက အမှတ်(၂)ရပ်ကွက်ရှိ ဆုတောင်းပြည့်မယ်လမုဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အာကာစိုး




## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၁)Grade-12 မှ မောင်ကျော်ဇင်သန့် (၁၃/တကန(နိုင်)၃၅၀၄၁၃) ၏ ဖခင် အမည်မှန်မှာ ဦးစိုးနိုင် (၉/ပဘန(နိုင်)၁၂၂၄၁)ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်**

## မိခင်အမည်မှန်

ပင်းတယမြို့၊ အထက (ပွေးလှ)၊ Grade-12 မှ မပြည့်ပြည့်ဇော်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမွန် (၁၃/ပတယ(နိုင်)၀၃၇၆၂၃) ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးမွန်**

## ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက (ပွေးလှ) Grade-12 မှ မစပါယ်အောင် (၁၃/ပတယ(နိုင်)၀၇၄၂၄၉)၏ ဖခင်အမည်မှန်မှာ ဦးဘိုးနောင် ဖြစ်ပါကြောင်း။

**ဦးဘိုးနောင်**

## မိခင်အမည်မှန်

ပင်းတယမြို့၊ အထက (ပွေးလှ)၊ Grade-12 မှ မနီနီခင်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်ငွေ (၁၃/ပတယ(နိုင်)၀၃၇၆၆၀) ဖြစ်ပါကြောင်း။

**ဒေါ်မြင့်ငွေ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ကင်း (၅/မမန(နိုင်)၀၅၆၈၁၁)သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၈၅/B၊ အခန်း ၅၀၁ (၅)လွှာအား ဒေါ်မော်မော်အောင် ၉/မခန(နိုင်)၀၆၆၉၇၀ သည် မိမိသာလျှင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်မော်မော်အောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ကင်းသည် ၁၅-၉-၂၀၂၃ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးရန်ကင်းသည် တစ်ဦးတည်းသာ အဆိုပါတိုက်ခန်းအား ပိုင်ဆိုင်သူဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ကင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၃၃)**
**ရုံးလိပ်စာ-တိုက်အမှတ် (၁၇၈/ဘီ)၊ (၈ လွှာ၊ ဂန္ဓဝင်နန်းတော်ကွန်ဒို၊**
**အထက်ပန်းဆိုးတန်လမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၉၇၁၅၅၈၈၊ ၀၉-၄၅၈၇၀၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန် (ဘီ)၊ တိုက်အမှတ် (ဘီ-၁)၊ အခန်းအမှတ် (၇၀၉)၊ Type(E2)၊ Area(၁၇၇၅)Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဘတ္တာဖလိုင်းထရေးဒင်းကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၁၅၂၂၄၄၃၃) ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရဲကျော်လင်း(ခ)ဦးရဲသီဟ**
**၁၂/ပဇတ(နိုင်)၀၂၉၀၂၄**
**ဖုန်း-၀၉-၂၆၄၈၈၂၀၈၉**

## အများသိစေရန်အသိပေးကြော်ငြာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ အမှတ်(ပစင-၄၀၈၁)ရှိ ပေ(၄၀x၆၀)ကျယ်ဝန်းသော ဝိုင်းခြံမြေအား (ကိုယ်ပိုင်အမှတ်-၉၁၄၃၂၄) ခွဲတပ်ကြပ်ကြီး ကျော်စိုးမိုး(၉/ပမန(နိုင်)၂၄၉၄၃၆)အမည်ပေါက်မှ ဦးကျော်စိုးမိုးတစ်ဦးတည်း ပိုင်ဆိုင်သည်ဟုဆိုကာ ဦးသန်းဇော်(၁၂/မရက(နိုင်)၀၀၅၄၃၅)အား (၂၃-၂-၂၀၁၆)က ရောင်းချခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန္တာအောင်(၁၃/တကန(နိုင်)၂၆၇၁၉၂)မှ ဦးလေးဖြစ်သူ ဦးသန်းဇော်ထံမှ (၁၄-၅-၂၀၁၆)ရက်က ဝယ်ယူခဲ့ကာ လက်ရောက်ပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေဥပစာအားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ ဒေါ်အေးသန္တာအောင်၏ သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်လွှဲပြောင်းရန်လျှောက်ထားခြင်း၊ ကိစ္စတစ်ရပ်ရပ်တွင် အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းကျူးကျော်ခြင်းများ၊ ထိုမြေအတွင်း၌ ဒေါ်အေးသန္တာအောင် သိရှိသဘောတူခြင်းမရှိဘဲ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ထိုသို့ပြုလုပ်သူများအား တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ ဤကြော်ငြာပါသည့်ရက်မှစ၍ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက် တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့် ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန်အတွက် အများသိစေရန် ကြိုတင်အသိပေးကြော်ငြာအပ်သည်။

**ဒေါ်အေးသန္တာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုမြတ်မွန်** | **ဒေါ်သူသူငြိမ်း** |
| **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၆၉၁၇)** | **တရားလွှတ်တော်ရှေ့နေ၊(စဉ်-၁၄၄၂၄)** |

**ဂေါ်မိတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ နေပြည်တော်၊ လယ်ဝေးမြို့**
**ဖုန်း-၀၉-၂၅၉၂၇၀၆၈၆**

## ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ဖြင့် ဆောင်ရွက်မည့် ကျပ်သန်း ၂၀၀ အထက် တည်ဆောက်ရေးလုပ်ငန်း ၂ ခုအတွက် ကန့်သတ်မှုမရှိသော တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| **(က) ရောင်းချမည့်ရက်** | - | ၁၇-၉-၂၀၂၃ရက် မှ ၃၀-၉-၂၀၂၃ ရက်အထိ |
| **(ခ) နေရာ** | - | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့ |
| **(ဂ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** | - | ၂-၁၀-၂၀၂၃ ရက် (၁၆:၀၀နာရီ) |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်းနံပါတ် ၀၄၃-၂၃၆၃၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ Royal Thukha Condo ၊ တိုက်အမှတ်(၅၂၃)၊ အခန်းအမှတ်(၃၁၃)၊ (၃)လွှာ၊ (၈၅၅စတုရန်းပေ)အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းတိုး(၈/ရစက(နိုင်)၀၀၅၃၉၈)၊ ဒေါ်ခိုင်ကေသွယ်ဟန်(၈/ရစက(နိုင်)၁၃၆၅၈၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးမျိုးထွန်း (၁၂/ကမန(နိုင်)၀၆၁၀၀၈)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ -၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅ပေxပေ၆၀)ရှိ တိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ယဉ်နွယ်မြင့်(၇/ပခန(နိုင်)၀၉၆၇၅၂)(ဘ)ဦးစိန်မြင့်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သက်မွန်ဖြိုး (၁၂/ကမတ(နိုင်) ၀၉၇၀၀၈) (ဘ) ဦးတင်အောင်က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်း အဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## အများပြည်သူသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှယမင်းအိမ်(ခ)KATE (အဆိုတော်) (၁၂/ရကန(နိုင်)၀၈၁၅၃၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်လှယမင်းအိမ်သည် မိမိ၏ဂီတ၊ အနုပညာလုပ်ငန်းများကိုလည်းကောင်း၊ လူမှုရေးကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စများကို ရိုးသားကြိုးစားစွာဖြင့် နာမည်ဂုဏ်သတင်းကောင်းများဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်ကို အများပြည်သူသိရှိပြီးလည်းဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှယမင်းအိမ်၏ နာမည်ဂုဏ်သတင်းကျော်ကြားမှုအပေါ် မလိုလားသူ၊ မသမာသူအချို့က ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းစေရန်၊ ကောင်းသတင်းမေးမှိန်စေရန် အကြံဖြင့် မဟုတ်မမှန်လုပ်ကြံဖန်တီးပြောဆိုမှုများ၊ အင်တာနက်စာမျက်နှာ (Facebook)ပေါ်တွင်လည်းကောင်း၊ Messenger Group များတွင်လည်းကောင်း ရေးသားပြောဆို ပြုမူဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ မဟုတ်မမှန် လုပ်ကြံဖန်တီးရေးသားပြောဆိုသူများသည် မိမိတို့၏လုပ် ဆောင်ချက်ကို မိမိတို့အသိပင်ဖြစ်ပြီး၊ ထိုကိစ္စရပ်များအပေါ် တာဝန်ရှိမည်ဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်မှုများကို အမြန်ဆုံးပြန်လည်ရုပ်သိမ်းပယ်ဖျက်ပေးကြပါရန် တောင်းဆိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ ထိခိုက်နစ်နာမှု မှန်သမျှအပေါ်တာဝန်ရှိသူ မည်သူကိုမဆို ဆက်သွယ်ရေးဥပဒေများဖြင့်လည်းကောင်း၊ တည်ဆဲဥပဒေများ အရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(L.L.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၂၂၂)**
**ရုံးအမှတ် (၁၆၁/A3)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ Ph-095165065**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၄) Grade-12(A)မှ နန်းဆိုင်ဆာ ၁၃/မစန(နိုင်)၀၀၄၃၃၇ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းနောင့် ၁၃/ကဟန(နိုင်) ၀၂၆၉၁၈ ဖြစ်ပါကြောင်း။

**ဦးစိုင်းနောင့်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၄) Grade-12(A) မှ နန်းလျန်းမွေစံ ၁၃/ကဟန(နိုင်) ၀၄၈၀၁၀ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုင်ရ ၁၃/ကဟန(နိုင်)၀၀၁၂၁၇ ဖြစ်ပါကြောင်း။

**ဦးစိုင်းဆိုင်ရ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ အထက (၈)၊ Grade-12 မှ မကေဇင်ဖြိုး၏ဖခင် ဦးစိုးဝင်းနှင့် ဦးအောင်ဝင်း ၆/တသရ(နိုင်)၀၂၈၀၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးဝင်း(ခ)ဦးအောင်ဝင်း**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၆)နေ ဦးစိုင်းဆိုင်လင်း ၁၂/လမတ(နိုင်)၀၃၄၅၈၅ ၏ ဖခင် ဦးဂေါ်ကင်(မ်)ချွမ်း(ခ)ထွန်းမြင့် ၁၂/လမတ(နိုင်) ၀၁၀၃၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အထက(ခွဲ)ထီသိမ်၊ Grade-12 မှ နန်းသဇင်ဖွေး၏ မိခင်အမည်မှန်မှာ ဒေါ်စောဝါ ၁၃/တကန (နိုင်) ၁၇၁၇၁၂ ဖြစ်ပါကြောင်း။

**ဒေါ်စောဝါ**

## တစ်ဦးတည်းဖြစ်ကြောင်း

မြိတ်မြို့၊ ထားဝယ်ကမ်း (၂)ရပ်ကွက်၊ မိန်းလမ်းနေ (ဘ) ဦးစံသင်း၏သမီး မသောင်းထွေးနှင့် မသီသီထွေး ၆/ဘပန(နိုင်)၀၁၈၆၇၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသောင်းထွေး(ခ)မသီသီထွေး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဦးလွန်းသီလမ်း၊ မြေကွက်အမှတ် (၇၄၂-B)၊ အကျယ်အဝန်း (၄၀' x ၆၀')၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်နွေးဒါလီဆွေ (၁၂/ဥကတ(နိုင်)၁၇၂၁၆၇)အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းမှ မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ် (၂၃)ရှိ (၇/B)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပါအဝင်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမိုးအောင် ချော (၁၂/မဘန(နိုင်)၀၁၀၂၄၂) ထံမှ ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဦးချမ်းမြေ့ (၁၂/တမန(နိုင်)၀၀၂၃၂၂)မှ မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အဆိုပါတိုက်ခန်းအား ကာလတန်ဖိုးဖြင့် ရောင်းချရန်စကားကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးရဲနောင်(၁၂/တမန(ပြု)၀၀၀၅၇၇)မှ ဝယ်ယူရန် စရန်ငွေတစ်ချို့တစ်ဝက်ပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို စာချုပ်စာတမ်း အထောက်အထားမူရင်းများစုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးရဲနောင်** | **ဦးလှမြင့်(LL.B,D.B.L)၊** |
| **(၁၂/တမန(ပြု)၀၀၀၅၇၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)၊** |

**ရုံးအမှတ် (၉၀/A)၊ မြေညီထပ်၊ (၁၅၇)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-095165065**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၉)ရပ်ကွက် ကြက်သွန်စွန်းနေ သားဖြစ်သူ မောင်သော်သော်ပြည့်စုံ ၇/တငန(နိုင်)၂၁၉၂၆၀ သည် မိဘများ၏ ဆိုဆုံးမကို နာခံမှုမရှိခြင်း၊ မိဘနှစ်ပါးနှင့်မိသားစုများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဖခင် -ဦးဇော်မင်းထွန်း**
**၇/တငန(နိုင်)၀၉၃၃၃၈**
**မိခင် -ဒေါ်ညိုတင်**
**၇/တငန(နိုင်)၀၁၃၉၇၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊အမှတ်(၁၆)၊ (၆-လွှာ)(အေ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေ× ၆၅ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်လင်းဖြိုး(၁၂/ရကန(နိုင်) ၀၇၂၂၇၁)နှင့် ဒေါ်ဖူးပွင့် (၁၂/စခန(နိုင်) ၀၇၁၁၁၅)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်နေ့ အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L,D.I.L.,** | **LL.B, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** |
| **Hein Htet San Law Firm** | **၀၉၅၅၀၆၁၄၆ ၊ ၀၉ ၇၉၁ ၆၂ ၂၂၃၆** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ(၁၇)၊ လူနေရပ်ကွက်အမှတ်-၂၀၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်-၁၈၃၅(ခ)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀x၆၀)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် ရေမီးစုံအကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးမြင့်သိန်း(၅/ခတန(နိုင်)၀၁၄၁၉၂)မှ အရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးမော် လိုင်စင်အမှတ်-၁၀၇၂၄ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၉၅၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ဖုန်း-၀၉-၅၄၀၇၈၃၀**

## ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်သမဝါယမအသင်းစု ဟသ်ာတမြို့ လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ သမဝါယမအသင်းစုမှ အောက်ဖော်ပြပါ ဟသ်ာတမြို့နယ်သမဝါယမ အသင်းစုပိုင်ပစ္စည်းများအား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(၁) ဟသ်ာတမြို့၊ တာကလေးရပ်ကွက်၊ အေးမြနန္ဒာဈေးဝင်းရှိ နှစ် ၃၀ ဂရန်မြေရေိယာ (၀.၁၅၀)ဧကနှင့် အဆိုပါမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ အရောင်းဆိုင် (၂၅'x၄၀'x၁၂')၊ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ သိုလှောင်ရုံ (၂၁'x၃၀'x၁၅')။

(၂) ဟသ်ာတမြို့ ဥယျာဉ်မြောက်ရပ်၊ CB Bank နောက်တွင်ရှိသော နှစ်(၃၀)ဂရန်မြေရေိယာ (၀.၅၇၄)ဧကနှင့် အဆိုပါမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ ရုံးခန်း (၂၆'x၁၂'x၁၅')သွပ်မိုး၊ သစ်တိုင်၊ သစ်ခင်း၊ ပွဲကြည့်စင် (၁၄၀'x၁၅'x၁၅')၊ ရေကူးကန် (၁၁၀'x၄၂'x၁၄')။

လေလံလျှောက်လွှာရောင်းချမည့်ရက် - ၂၀-၉-၂၀၂၃ရက်မှ ၂၆-၉-၂၀၂၃ရက်ထိ

လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် - ၂၆-၉-၂၀၂၃ရက် (၁၆:၀၀)နာရီ

လေလံလျှောက်လွှာရောင်းချမည့်နေရာ - ဟသ်ာတမြို့နယ်၊ သမဝါယမ အသင်းစုရုံး၊ အမှတ် (၃၅)၊ ရွှေစေတီလမ်း၊ လက်သမားရပ်။

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံတင်ရောင်းချရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာပိတ်သိမ်းမည့်ရက် ၂၆-၉-၂၀၂၃ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ဟသ်ာတမြို့နယ် သမဝါယမအသင်းစုသို့ ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီး နောက်နေ့ ၂၇-၉-၂၀၂၃ရက် (၁၀:၀၀) နာရီတွင် လေလံရောင်းချခြင်း ဆောင် ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(ဖုန်း-၀၉-၂၅၀၃၁၁၇၆၆၊ ၀၉-၇၉၄၁၁၈၂၆၈၊ ၀၉-၄၂၂၄၉၈၉၈၂)

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## မိခင်အမည်မှန်

သံတွဲမြို့၊ အထက(ခွဲ) ငကျော်တောင်ကျောင်း Grade-12 မှ မဖြိုးပြည့်ပြည့်ဇော်၏ မိခင်အမည်မှန်မှာ ၁၁/သတန(နိုင်)၀၅၆၀၇၀အရ ဒေါ်အယ်မာ ဖြစ်ပါကြောင်း။

**ဒေါ်အယ်မာ**

## မွေးသက္ကရာဇ်အမှန်

သံတွဲမြို့၊ အထက(ခွဲ) ငကျော်တောင်ကျောင်း Grade-12 မှ မောင်ထွန်းထွန်းအေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁/သတန(နိုင်)၁၃၁၈၈၉ အရ ၁၂-၁-၂၀၀၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

သံတွဲမြို့၊ အထက(ခွဲ) ငကျော်တောင်ကျောင်း Grade-12မှ မောင်ညီသက်ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁/သတန(နိုင်) ၁၁၁၈၉၇ အရ ၇-၂-၂၀၀၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သံတွဲမြို့၊ အထက(ခွဲ) ငကျော်တောင်ကျောင်း Garde-12မှ မောင်အောင်မင်းသူ၏ မိခင်အမည်မှန်မှာ ၁၁/သတန(နိုင်) ၀၅၆၁၆၂ အရ ဒေါ်လုံးလေး ဖြစ်ပါကြောင်း။

**ဒေါ်လုံးလေး**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ရေခဲစက်၊ ဦးပိုင်အမှတ်(၁၅၅/က)၊ရေိယာ ၀ဒသမ၀၉၉ ဧကရှိ အရှေ့လားသော်-(၂၁)ရပ်ကွက်၊ အနောက်လားသော်- ဦးပိုင်(၁၅၂+၁၅၈)၊တောင်လားသော် -ဦးပိုင်(၁၅၆)၊ မြောက်လားသော် -ဦးပိုင်(၁၅၅/ခ)၊မြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးမျိုးလင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ ၁၂ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ကျေးရွာနေ ဒေါ်ကြူကြူလင်း (ဘ)ဦးကျော်သန်း ၉/သပက(နိုင်)၀၄၂၇၅၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူလင်းနှင့် ဦးဆန်းမျိုးလွင် (ဘ)ဦးတင်မြင့် ၉/သပက(နိုင်)၀၅၉၆၃၄ တို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် လွန်ခဲ့သော ၂၀၁၉ ခုနှစ်ခန့်မှစ၍ အတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ဘဲ ဦးဆန်းမျိုးလွင်မှာ ၎င်း၏သဘောဆန္ဒအလျှောက် နေအိမ်မှ ဆင်းသွားပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူလင်းနှင့် ဆက်သွယ်ခြင်းမရှိသည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူလင်းနှင့် ဦးဆန်းမျိုးလွင်တို့သည် တစ်စုံတစ်ရာပတ်သက်ဆက်နွယ်မှုမရှိတော့သည့်အပြင် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ဒေါ်ကြူကြူလင်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကြူကြူလင်း** | **ဒေါ်သဲမာ(LL.B,D.I.L,D.B.L)** |
| **၉/သပက(နိုင်)၀၄၂၇၅၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၆၂၊ ၃၀-၇-၂၀၁၉)** |
| | **ယဉ်တော်ကျေးရွာ၊အမရပူရမြို့။** |
| | **ဖုန်း-၀၉- ၄၀၂၅၈၇၅၃၁** |

## ကယားပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃ -၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုပြီးလုပ်ငန်းပြောင်းဆောင်ရွက်သည့် ကျပ်သိန်း ၂၀၀ အထက် လွိုင်ကော် မြို့တွင်းလမ်းတံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါတင်သွင်းရမည့်ရုံး** | - | ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးပိုင်းရပ်ကွက် |
| (ခ) **လိပ်မူရမည့်ပုဂ္ဂိုလ်** | - | ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ |
| (ဂ) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** | - | ၈-၉-၂၀၂၃ရက် |
| (ဃ) **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** | - | ၂၁-၉-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီအထိ |
| (င) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး |
| (စ) **တင်ဒါဖွင့်မည့်ရက်** | - | ဆက်သွယ်အကြောင်းကြားပါမည်။ |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်သိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၉-၄၂၈၀၀၄၈၄၉၊ ၀၉-၄၄၄၃၇၃၈၃၁၊ ၀၉-၄၂၈၀၀၀၆၁၈၊ ၀၉-၄၂၈၀၀၄၄၈၁ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မိခင်အမည်မှန်

သာယာဝတီ မြို့နယ်၊ အထက သရက်ကုန်း စာဖြူစု၊ Grade-12 မှ မဇင်သူသူအောင်၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းခိုင် ၇/သဝတ(နိုင်)၀၇၄၃၂၄ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သာယာဝတီ မြို့နယ်၊ အထက သရက်ကုန်း စာဖြူစု Grade-11 မှ မဟန်သူဇာညိမ်း၏ မိခင်အမည်မှန်မှာ ဒေါ်ဇာဇာ ၇/သဝတ(နိုင်)၀၈၇၂၆၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ မြို့ရှောင် (၃)လမ်းနေ မြေတိုင်း(၂၄)၊ ဦးပိုင်အမှတ် (၂၀၂)ဟု ခေါ် တွင်သော ရေိယာ (၀.၀၅၅)ဧကကျယ်ဝန်းသည့် ဦးဒစ်ဆင်ကိုကို အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းထွန်း၊ ဒေါ်လင်းလင်းဦးတို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပပဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၃၉/၂၀၁၆)**
**ဖုန်း-၀၉-၄၂၃၆၇၁၅၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၂၆၉၇၀, TVE DAZZ-110 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/36787, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (စံပြ)ရပ်ကွက်၊ စံပြ (၅) လမ်း၊ အမှတ် (၁၅၀)၊ (၂)ခန်းတွဲ RC (၆) အဆောက်အအုံ၏ ပထမထပ်(၂လွှာ) (ဘီ)(တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်းအခန်း)၊ ရေိယာ (၅၄၀.၅ စတုရန်းပေ) ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ပြည့်ပြည့်ဝင်းထွန်း ၁၂/သဃက(နိုင်)၁၈၂၈၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နှင်းအိဝေလွင် ၁၂/ဒဂမ(နိုင်)၀၂၆၇၉၇က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း စာဖြူစု Grade-11 မှ မဝတ်ရည်ပိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းအေး ၇/သဝတ(နိုင်)၀၄၅၇၁၁ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း စာဖြူစု၊ Grade-12 မှ မမိုးသဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းစုကြိုင် ၇/သဝတ (နိုင်) ၁၀၁၈၇၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း စာဖြူစု၊ Grade-11 မှ မောင်ကျော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦး ၇/သဝတ(နိုင်) ၀၆၆၅၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

သင့်အပေါ်တွင် တရားလို ဒေါ်မင်လီချွန်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (မမ-၁)၊ ဦးပိုင်အမှတ်( ၂၅ )၊ မြရည်နန္ဒာရပ်ကွက်၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖွဲ့နေလအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ဒဂုံမြို့ သစ်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၀

ဒေါ်စိန်မြ **နှင့်** ဦးသန်းစိုး

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄) ရပ်ကွက်၊ မနော်ဟရီ လမ်း၊ အမှတ်(၁၁၁)နေ တရားပြိုင်ဦးသန်းစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝယ်ယူထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၃၂၅)၊ မြေရိယာ ၀ ဒသမ ၀၆၂ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၈၄၀၊ မြေကွက်တည်နေရာအမှတ်(၈၄၀)၊ (၁၁)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ ဒဂုံအရှေ့ ဦးအောင်ကြည် (ISN-218853)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်ကြည် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းမေ ၁၂/ရကန(နိုင်)၀၁၃၃၃၁ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ ဂရန်မူရင်း၊ သေစာမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြပြီး ပိုင်ဆိုင်၊ အရောင်း မြေပုံလျှောက်ထားလာခြင်းအား ကွင်းဆင်း စစ်ဆေးရာ မြေပြင်တွင် ၂ ထပ် အုတ်ညှပ်(၁)လုံးရှိပြီး လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ပါသည်။ ကွင်းဆင်းစစ်ဆေးခြင်းကိုလည်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သန်းမေမှ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/58148 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငွေပြန်ချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၅

ဒေါ်ရွှေစင်မျိုးညွန့် နှင့် ဦးဝင်းငွေး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လလ-၁၃၊ (စျ)ရပ်နေ၊ ဦးဝင်းငွေး(ဘ)ဦးအောင်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ရွှေစင်မျိုးညွန့်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၆ ရက်)မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိ စေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငွေပြန်ချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းမင်းဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး

## ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် (၂၅၃)
## မန္တလေးခရိုင်တရားရုံး ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၀

ဦးဝင်းဗိုလ် နှင့် ၁။ ဦးချစ်ကို
၂။ ဒေါ်မြမြဝင်း
ဒီကရီအနိုင်ရသူ တရားရှုံးများ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄x၅၅လမ်းကြား၊ (တတ/ ၅၂) (စ) ရပ်ကွက်၊ ၁၂၅ (ဒ)၊ အိမ်အမှတ် (၃၆)၊ အောင်ဇေယျလမ်းနေ ဦးချစ်ကိုနှင့် ဒေါ်မြမြဝင်းတို့ သိစေရမည်။

အထက်ပါအမှုတွင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (တတ-၅၂)၊ ၁၂၅ (ဒ)၊ အောင်ဇေယျလမ်းရှိ အရှေ့လားသော် မသင်းသင်း၏နေအိမ်ဝိုင်းမြေ၊ အနောက်လားသော် လူနေအိမ်၊ တောင်လားသော် လူမနေဝိုင်းမြေကွက်လပ်၊ မြောက်လားသော် ၁၅၂ (ဒ)လမ်း၊ အောင်ဇေယျလမ်း စသည့် အလားလေးရပ်အတွင်းရှိ မြေရေိယာ (၃၀x၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အိမ်သွပ်မိုး၊ အပေါ်ထရံကာ၊ အောက်နံကပ်တည်ဆောက်ထားသော အိမ်အမှတ် (၃၆) ကိုရောင်းချ ပါမည့်အကြောင်း ဒီကရီရသူ ဦးဝင်းဗိုလ်က လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း၊ ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ချိန်းဆိုပြီး ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်း)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မဟာအောင်မြေခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ ခြံအမှတ်(၉/ခ)၊ မြေတိုင်းရပ်ကွက် အမှတ်(၅၅) သမိုင်း၊ မြေကွက်အမှတ် (၂၁/ထ၂-B)၊ (B-အိမ်ရာမြေ)၊ ဧရိယာ(၀ ဒသမ ၁၀၈) ဧကရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေပိုင်မြေအဖြစ် ဒေါ်နီနီခိုင်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အထက်ပါမြေနှင့် အိမ်တွင် ဖခင် ဦးလှဇင်၊ မိခင် ဒေါ်နီနီခိုင်နှင့် သားသမီး (၄) ဦးဖြစ်သော ၁။ ဦးကျော်ကျော်ဇင်၊ ၂။ ဒေါ်ခိုင်ဇင်လှဲ့၊ ၃။ ဦးမင်းမင်းဇင်၊ ၄။ ဒေါ်ကေခိုင်ဇင်တို့သည် ငယ်စဉ်ကတည်းက အတူတူနေထိုင်ပိုင်ဆိုင်ခဲ့ကြပါသည်။ ဖခင် ဦးလှဇင်သည် ၂၀-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်ခဲ့ပြီး၊ မိခင် ဒေါ်နီနီခိုင်သည် ယခုအခါ အသက်(၈၁)နှစ်ရှိပြီဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ လေဖြတ်ဝေဒနာခံစားနေရ၍ အသိဉာဏ်ချွတ်ယွင်းပြီး၊ စီမံခန့်ခွဲမှုကိစ္စရပ်များ မလုပ်ဆောင်နိုင်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

သို့ပါသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံအား စီမံခန့်ခွဲရယူပိုင်ခွင့်ရှိသော သားကြီး ဩရသဖြစ်သူ ဦးကျော်ကျော်ဇင်၏ သဘောဆန္ဒနှင့် သားငယ် ဦးမင်းမင်းဇင်တို့၏ သဘောဆန္ဒမပါဘဲ အထက်ပါ အိမ်နှင့်ခြံအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဇင် ၁၂/မရက (နိုင်) ၀၆၉၉၆၅၊**
**ဦးမင်းမင်းဇင် ၁၂/မရက (နိုင်) ၀၀၀၅၉၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုဆင့် (LL.B, D.B.L, D.I.L, D.M.L, WIPO (Switzerlaand)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၃၉)**
**အမှတ်-၃/ဆ၊ သမာဓိလမ်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးဘေး။**
**ဖုန်း-၀၉-၄၂၁၁၅၂၄၃၅၊ ၀၉-၇၇၉၈၂၃၉၇၂၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁ဃ)၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက ရှိ မြေကွက်သည် မူလက ဦးမောင်မောင်မြင့် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၄၃၁/(၃) ၂၀၀၀-၂၀၀၁ အရ (၁၀-၁၂-၂၀၁၅) ရက်ထိ (၁၅)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမောင်မောင်မြင့် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဆန်းနန္ဒာထူး)က ၁၀-၇-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၀၇/၂၀၂၃)အရ ဦးရန်ပိုင်ဦး ၁/မကန(နိုင်)၁၄၁၁၁၄ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရန်ပိုင်ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၂၆၂/၁+ ၂၆၂/၂)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဦးကျော်သီဟ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၁၅/(၃)၂၀၀၈-၂၀၀၉ အရ ၉-၇-၂၀၃၈ ရက်အထိ (၃၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးကျော်သီဟ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မိုးစန္ဒာအောင်)က ၁၀-၇-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၀၆/ ၂၀၂၃)အရ ဦးရန်ပိုင်ဦး ၁/မကန (နိုင်)၁၄၁၁၁၄ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရန်ပိုင်ဦး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၆)ရပ်ကွက်၊ အမှတ်(၂၃၉)၊ ပုဏ္ဏမီလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၈၆၊ လူနေရပ်ကွက်အမှတ်-၈၆၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မူလဂရန်အမည်ပေါက်ပိုင်ရှင် ဦးညီညီဆွေထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သီသီအေး ၁၂/သဃက(နိုင်)၀၄၁၆၀၁ အား ကာလတန်ဖိုးအလျောက် တရားဝင်လွှဲပြောင်းရောင်းချခဲ့ပြီး လက်ဝယ်ထားရှိလျက်ရှိပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ပေးရန်အတွက် အကြိမ်ကြိမ် သတိပေးအကြောင်းကြားခြင်း၊အကြိမ်ကြိမ်ကြိုးစားရှာဖွေဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ယနေ့တိုင်ပြန်ကြားဆောင်ရွက်ပေးခြင်းမရှိခဲ့သဖြင့် ဤအကြောင်းကြားစာရရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောရွှေဝင်း (LL.B, LL.M)(မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၈၆)**
**အမှတ်-၁၂၊ မြေညီထပ် (ခြေရင်း)၊ (၂)လမ်း လမ်းသွယ် (၁)၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၆၉၁၄၃၊ ၀၉-၇၉၂၃၄၂၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှော်ကား ရပ်ကွက်၊ ကွင်းအမှတ် (၅၆၁)၊ ကွင်းအမည်-ကရင်ချောင်း၊ စမ်းပုလဲလမ်း၊ မြေကွက်ဦးပိုင်အမှတ် (၆၂/၄၈)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၊ ဧရိယာ ၅၀ပေ x ၇၀ပေရှိ ဦးလှသောင်း အမည်ပေါက် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်ခြံမြေ၊ ရေ၊ မီး အကျိုးကျေးဇူးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနန်ဆွင်းမန် ၄/ကခန(နိုင်) ၀၀၂၂၃၈နှင့် ဦးလောကီး ၄/မတန(နိုင်)၀၂၅၄၄၁ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ၁၄-၉-၂၀၂၃ ရက်တွင် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေ၍ တရားဝင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ကြေညာပါပြီး(၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆိုင်းတောင်**
**အထက်တန်းရှေ့နေ(စဉ်- ၄၃၁၆၁)**
**တိုက် -ဘီ (၁၄)၊ အခန်း (၄၀၂)၊ ရွှေကမ္ဘာအိမ်ရာ(၂)လမ်း၊ မင်းဓမ္မလမ်းမ၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့>**
**ဖုန်း-၀၉-၇၉၅၀၉၅၇၁၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း အမှတ်၂၀/က နေ ကိုထွန်းထွန်းဦး ၁၃/လလန(နိုင်) ၀၃၅၃၄၂-ဒေါ်ခင်ဖုန်းမြင့် ၉/မရတ(နိုင်)၁၀၃၈၄၄ ၏ သမီး မအေးချမ်းသူ ၁၂/လသယ(နိုင်)၀၇၃၅၃၉ သည် ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၁၅-၉-၂၀၂၃ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဦး-ဒေါ်ခင်ဖုန်းမြင့်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအတွင်းရှိ ဦးကျော်တင့် အမည်ပေါက် ပိုင်ဆိုင်သော ကွင်းမှတ်-၅၁၂၊ ကွင်းအမည်-ကန်ကောက်ကန်တွင်း ကွင်း၊ မြေအမျိုးအစား - လယ်မြေ၊ ဦးပိုင်အမှတ် - (၉၀)၊ ပုံစံ(၇)ပါဧရိယာ ၃ ဒသမ ၆၀ ဧကရှိ လယ်မြေ မြေပြင်ရှိ အတိုင်းအတာအရ ၂ ဒသမ ၉၇ ဧကခန့် အား ဦးကျော်တင့် တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့်အပြင် ဦးကျော်တင့်၏ သမီးဖြစ်သူ (တရားဝင်အထူးကိုယ်စားလှယ်ရသူ) ဒေါ်နန်းဟွမ်ခမ်းမှ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် လယ်/ယာမြေ လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချယ်ရီဦး ၁၃/ကခန(နိုင်)၀၈၉၉၃၄ မှ အထက်ဖော်ပြပါ လယ်/ယာမြေ လုပ်ပိုင်ခွင့်ရသည့် လယ်မြေကွက်၏တောင်ဘက်အခြမ်း ၂ ဒသမ ၀၀ ဧက၏ လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူမည်ဖြစ်သည့်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ လုပ်ပိုင်ခွင့် အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လုပ်ပိုင်ခွင့်နှင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ဌာနဆိုင်ရာကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချယ်ရီဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးကိုကိုဇော်(LL.B) (စဉ်-၁၇၃၅၇) တရားလွှတ်တော်ရှေ့နေ**
**၃၆(C)၊ ၅၂ x ၅၃ လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၀၇၈၅၅၈၇**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ မြေတိုင်းအမှတ်၄၀၀/B၊ မြေကွက်အမှတ် - ၇၁၊ မြေအမျိုးအစား - B လ/န -၃၉ (အိမ်ယာမြေ)၊ မောင်တင်လှိုင်၊ မတင်ဝင်း၊ မောင်တင်စိုး (အုပ်ထိန်းသူ)အုံးကြည်အမည်ပေါက်၊ ဧရိယာ ၀ ဒသမ ၉၀ ဧက အနက်မှ(ယခုအခေါ်) အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၇၄၉ (က)ဟု ခေါ်တွင်သော အကျယ်အဝန်း($၂၀ \times ၆၂\frac{၁}{၂}$)ပေရှိ အိမ်ခြံမြေကွက်နှင့် ယင်းအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ယင်းအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးညီပု ၁၂/အစန(နိုင်) ၁၃၁၃၅၈မှ အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းပါသော ကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီးပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်နန့်စန္ဒာဝင်း (ဥပဒေဘွဲ့) | ဒေါ်နော်ဝင်းသန္တာဖေါ(ဥပဒေဘွဲ့) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၃၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၂၄) |

**အင်းစိန်စုပေါင်းရုံးဝင်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၇၇၆၅၄၄၊ ၀၉-၂၆၂၃၉၇၁၆၉**

## ၃-၉-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တွင် ပါရှိသော ဒေါ်ဇင်မင်းထွဋ်နှင့် အများသိစေရန် ကြေညာချက်အပေါ် ဦးမျိုးမင်းထွန်းနှင့် အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဂမုန်းပွင့်ကွန်ဒို၊ အမှတ်(၅/အေ)နေ (ဘ) ဦးဘမြင့်၏ သားဖြစ်သူ ဦးထွန်းမြင့် ၁၂/ကတတ(နိုင်)၀၀၂၉၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၂၉၉၄၉နှင့် အများသိစေရန် ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ၊ မြိုင်သာယာရပ်ကွက်၊ ရှင်စောပုလမ်းရှိ အကွက်အမှတ်နှင့်အမည် (၁)မြိုင်သာယာ၊ ဦးပိုင်အမှတ်(၈) မြေချိန်ဧရိယာ ၀ ဒသမ ၁၉၃ဧကရှိ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမြင့်၏ အမည်ဖြင့် နှစ်(၃၀)အငှားဂရန် ထွက်ရှိထားပြီး ယနေ့အချိန်ထိ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမြင့် တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမြင့်သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါမြေကွက်အား ဒေါ်ဇင်မင်းထွဋ်အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချခြင်း၊ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်း လုံးဝမရှိသလို ဒေါ်ဇင်မင်းထွဋ်အား မြင်တွေ့ သိရှိဖူးခြင်းလုံးဝမရှိပါ။ ထို့ကြောင့် ၃-၉-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တွင် ပါရှိသည့် ဒေါ်ဇင်မင်းထွဋ်နှင့် အများသိစေရန် ကြေညာချက်တွင် ရေးသားထားသည့် အထက်ဖော်ပြပါ မြေကွက်အား ဦးထွန်းမြင့်နှင့် ဒေါ်ဇင်မင်းထွဋ်တို့ မြေကွက်အပြီးအပိုင်အရောင်းအဝယ် စာချုပ် ပြုလုပ်ခဲ့သည်ဆိုသောအချက်နှင့် ဦးထွန်းမြင့်က ဒေါ်ဇင်မင်းထွဋ်အား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့သည်ဆိုသော အချက်တို့သည် မဟုတ်မမှန်သောအချက်များဖြစ်သောကြောင့် လူကြီးမင်း ဦးမျိုးမင်းထွန်းအနေဖြင့် ဒေါ်ဇင်မင်းထွဋ်နှင့် အများသိစေရန် ကြေညာချက်အား ဤကြေညာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သတင်းစာမှတစ်ဆင့် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာပေးရန်၊ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမြင့် တရားဝင်ပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါ မြေကွက်ကို ထိပါးနှောင့်ယှက်သူများအား တည်ဆဲ ဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမျိုးမင်းထွန်း နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းမြင့်** | **မင်းလင်းကိုကို (LL.B)(Advocate)** |
| **၁၂/ကတတ(နိုင်)၀၀၂၉၉၅** | **(စဉ်-၁၆၂၃၃) တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၄၆)၊ ရတနာပုံလမ်း၊** |
| | **ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့။** |
| | **ဖုန်း-၀၉-၉၇၃၄၃၄၀၃၂** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/7722 BMW 3301 Saloon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းတောက် ၉/တသန (နိုင်)၂၀၅၃၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/87223 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်ကို ၁၄/ကကန (နိုင်)၁၁၄၄၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 50W/39529 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူအောင် ၁၂/ဒဂဆ(နိုင်) ၀၁၂၉၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/55270 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၁၄/ကပန (နိုင်)၁၅၈၆၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## မီးသတိပြု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေရေယာ ဂ ဒသမ ၀၅၂ ဧကရှိ မြေကွက်အမှတ်(ပ-၃၄၅၉၃)ကို အမည်ပေါက် ဦးအေးလွင် (ဘ)ဦးကျော်ဒင် ၉/ပမန(နိုင်)၀၉၁၇၃၃၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးအောင်သူဟိန်း (ဘ) ဦးခင်မောင်မြင့် ၉/တကတ(နိုင်)၀၀၁၁၃၃ မှ ဒေါ်အိအိဝင်း(ဘ) ဦးဝင်းဖိုလ် ၆/မမန(နိုင်)၁၃၄၅၂၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၇၉/၂၀၂၁(၁၈-၁၀-၂၀၂၁) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရေယာ ဂ ဒသမ ၁၁၀ ဧကရှိ ဒေါ်ငွေငွေသန်း ၁၂/ပဘတ(နိုင်)၀၀၇၅၁၈ (ဘ) ဦးဘသန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၁၇၄၈) ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၇/၂၀၁၀ (၈-၁၀-၂၀၁၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဖြိုးကျော်ကျော်စိုး ၁၂/သဃက(နိုင်) ၁၄၄၄၉၃ (ဘ) ဦးမြင့်သောင်းစိုး မှ ဦးဝင်းမော် ၈/ပဖန(နိုင်)၀၀၆၀၅၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/5318 YES Sumbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းထွေး ၉/ခမစ(နိုင်)၀၂၂၅၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/13343 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၉၃၃၉၁ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Shwe Nyaung Oo Trading Co. Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/85445 Yamaha DT 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံအောင် ၉/မဟာမ(နိုင်)၀၅၇၀၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8530 HINO X2U 302 Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၈/ပမန(နိုင်)၀၈၆၆၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင် လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3798 CDW SINO TRUCK Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူTHIRI OTTHA CO.,LTDက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၆၃၈၄ Super Anbo 125 ယာဉ်လက်ဝယ်ရှိသူ Cho Thei San Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/8283 Suzuki Carry DA21T P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းမြင့်သန်း ၁၂/ဒဂတ(နိုင်)၀၂၈၁၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/38459 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယွန်းမွန်ကျော် ၁၄/ပသန(နိုင်)၃၂၃၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/11543 Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးကို ၁၄/ဘကလ(နိုင်)၃၁၅၉၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7910 Daihatsu Hijet p/u(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၂/ကမတ(နိုင်)၀၁၈၇၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/94900 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးသူ ၁၄/ကကထ(နိုင်)၁၅၆၃၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ မိုင်ဟဲအုပ်စု၊ ကျဆီးရွာနေ ဒေါ်အုန်းယိမ် ၁၃/တခလ(နိုင်)၀၆၆၃၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာလိုက်သည်မှာ-

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၁၂၄/ခ)၊ ဦးပိုင်အမှတ်(၆၅-က)၊ အကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် (85)၊ မြေကွက်အမည်-ကူညီကုန်းရပ်၊ ဧရိယာ ၀ ဒသမ ၄၇၂ ဧကရှိ ဂရန် မြေကွက်ကို တောင်ကြီးမြို့၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ် ပေးသောမြေငှားဂရန်အမှုတွဲအမှတ်-(၅၆)မှ ခွဲစိတ်ဖြစ်ပေါ်လာသော တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ အကွက်အမည်-ကူညီကုန်းရပ်၊ ဦးပိုင်အမှတ်(၆၅-စ)၊ မြေကွက်အမှတ် (85/380)၊ ဧရိယာ ၀ ဒသမ ၀၄၆ ဧက ရှိမြေကွက်ကို ဦးစိုင်းအောင်မြတ်ထံမှ ၁၄-၁၀-၂၀၁၀ ရက်စွဲပါ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်သူလက်ရှိပိုင်ဆိုင်ခဲ့သူ ဆီဆိုင်မြို့၊ နောင်မွန်အုပ်စုနေ ဦးမောင်စိန်ထံမှ ၁၇-၁၂-၂၀၁၁ ရက်စွဲပါ မြေနှင့်အကျိုး ခံစားခွင့်အရပ်ရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်နန်းသန္တာငြိမ်းက လွှဲပြောင်းဝယ်ယူ လက်ရောက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အထက်ဖော်ပြပါ မြေကွက်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့၊ ကိုးလုံးကွင်းကျောင်းဝိုင်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၅ နေ ဒေါ်နန်းသန္တာငြိမ်းထံမှ ၂၇-၇-၂၀၂၃ ရက်စွဲပါ အိမ်ခြံမြေကွက် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဒေါ်အုန်းယိမ် က လွှဲပြောင်းဝယ်ယူ လက်ရောက်ရရှိပြီးဖြစ်ပါ၍ အရောင်းအဝယ်အတွက် တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်နိုင်ရန် ကျွန်ုပ်ထံသို့လာရောက် ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြား တောင်းဆိုလိုက်ပါသည်။

၂။ သို့ဖြစ်ပါ၍ (က) ဦးစိုင်းအောင်မြတ် ၁၃/တကန(နိုင်)၀၆၂၇၁၃
(ခ) ဦးမောင်စိန် ၁၃/ဆဆန(နိုင်)၀၄၀၅၀၆
(ဂ) ဒေါ်နန်းသန္တာငြိမ်း ၁၃/ဟပန(နိုင်)၀၀၁၁၇၅
အနေဖြင့် ဤအသိပေးကြေညာစာပါရှိသည့်ရက်မှ (၁၅)ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်နိုင်ရန်အတွက် ကျွန်ုပ်ထံသို့ မပျက်မကွက် (မပျက်မကွက်)လာ ရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာရုံးတော်များတွင် ဥပဒေနှင့်အညီ လိုအပ်သလိုတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထက် LL.B**
**( အထက်တန်းရှေ့နေ)**
**စဉ် - ၅၂၅၆၀( ၂၇-၄-၂၀၂၀)**
**အမှတ်-၀မ/၁၉၃ ၊ ရတနာလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း-၀၉-၂၆၅၁၀၅၆၉၆၊ ၀၉-၆၉၆၃၀၈၄၉၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေးဒရဲမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ပြည်တော်သာလမ်းနေ မဖူးသဇင်၏ဖခင် ဦးစိန်လှ(ခ) ဦးလှခိုင် ၁၄/ဒဒရ(နိုင်)၀၆၁၈၇၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားမြို့၊ ညောင်ကုန်းရပ်ကွက်နေ မမြတ်နိုးဝတီ ၏မိခင် ဒေါ်အေးမွန် (ခ)ဒေါ်အေးအေးမွန် ၁/မညန(နိုင်)၁၀၃၁၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ရှမ်းဝိုင်း၊ အိမ်အမှတ် (၁၄၄၆)နေ မစန္ဒာထွန်း၏ဖခင် ဦးရင်အေး(ခ) ဦးယဉ်အေး ၇/ပခန(နိုင်) ၃၃၂၉၆၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၁၈၅/က၊ ဧရိယာ ပေ(၂၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ် ၁၈၅/က၊ ဇမ္ဗူသီရိအနောက် (၆)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင် ၁၂/သကတ(နိုင်)၀၃၅၀၂၈ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်တင်ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၂၀၉၈/၂၀၂၂ (၂၁-၃-၂၀၂၂) ဖြင့် ပိုင်ဆိုင်သူ ဦးခင်ရွှေ ၁၂/သကတ(နိုင်)၀၃၈၃၉၂ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၆၆၇/၂၀၂၂ (၁၁-၅-၂၀၂၂)ဖြင့် ဝယ်ယူသူ ဦးညီစိုး ၁၁/မအန(နိုင်) ၀၃၆၅၁၀ မှ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း ဦးညီစိုး၏ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သာကေတမြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမြတ်ခွန်ချလန်၊ ပိုင်ဆိုင်စာချုပ်၊ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိသဖြင့် ဦးညီစိုးမှ နှစ်(၆၀) မြေငှားစာအုပ်လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် ဂရန်မိတ္တူ မှန်ထုတ်ပေးမည်ဖြစ်၍ မြေငှားစာချုပ်အမှတ် သကတ/၆(န)/၀၂၄၈/၉၃ အရ ၁၃-၉-၁၉၉၃ ဖြင့် မူလကထုတ်ပေးခဲ့သည့် ဒေါ်တင် အမည်ပေါက် မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ ကွေ့ကြီးကျေးရွာနေ မသန္တာဝင်း၏ မိခင် ဒေါ်ပို(ခ)ဒေါ်ပိန် ၉/မခန(နိုင်) ၁၂၇၂၂၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/ 85311 Honda Wave 100 M/C ယာဉ် လက်ဝယ်ရှိသူ ဦးမင်းသူထက် ၁၄/ပသန(နိုင်)၂၁၅၇၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ဂ ဒသမ ၁၄၆၊ မြေကွက်အမှတ်(ဥ-၆၄၄၉)၊ ဦးအောင်မြင့် (ဘ) ဦးထွန်းမြင့် ၁၀/မလမ(နိုင်)၁၀၂၀၁၁ အမည်ပေါက် ပါမစ်မြေကွက် ကို ဒေါ်နန်းထွေးရင် (ဘ) ဦးချိန်တယ်ချောက် ၁၃/သနန(နိုင်)၀၁၃၆၆၉ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ ဂ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ-၂၃၉၂၃)ကိုအမည်ပေါက် ဦးအောင်ထွေး (ဘ) ဦးသိန်းဝင်း ၁၀/ကထန(နိုင်)၀၂၅၅၁၄ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးမိုးသန့် (ဘ)ဦးညွန့် ၇/ရကန(နိုင်)၀၀၇၁၆၇ မှ ဒေါ်ဟေမာဝင်း (ဘ) ဦးမိုးသန့် ၉/ပမန(နိုင်)၁၇၃၉၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၃၄/၂၀၂၃(၂၂-၈-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၂၅၄၆)ကို အမည်ပေါက် ဦးနေဝင်းမြင့် (ဘ) ဦးလှမောင် ၁၂/အစန(နိုင်)၀၇၄၂၄၁ (ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်လှသီလှိုင် (ဘ) ဦးထွန်းလှိုင် ၉/မနမ(နိုင်)၀၄၀၅၄၇ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန်း(တောင်)ရပ်ကွက်၊ မိုးမခလမ်း၊ တိုက်အမှတ်(၈)၊ မြေညီ(A) (၁၂ပေခွဲx၅၀ပေ) တိုက်ခန်းနှင့် လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိသူ နန်းသီတာ ၁၂/လမန(နိုင်)၁၁၇၉၀၁၊ ဦးအောင်ကျော်ကျော် ၁၂/လကန(နိုင်)၁၅၄၂၂၈၊ ဒေါ်ခင်မြတ်မြတ်လှ ၁၂/စခန(နိုင်)၀၄၀၃၇၃၊ ဦးရဲညွန့် ၁၂/ကမရ(နိုင်)၀၅၀၉၄၅ တို့ထံမှ ကျွန်မ ဒေါ်ယုဇနအောင် ၁၂/ဗဟန(နိုင်) ၀၁၆၁၂၄ က စရန်ငွေတစ်ချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုဇနအောင်**
**တိုက်(၄)၊ အခန်း(၅)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၀၆၅၂၁**

## မွေးသက္ကရာဇ်အမှန်

ဇန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ကုန်းတိန်ကျေးရွာအုပ်စု၊ မံသဲကျေးရွာနေ(ဘ) ဦးသန်းစိန်၏ သမီး ဒေါ်မြမြဝင်း ၁/မစန(နိုင်)၀၂၀၀၁၅ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၇-၈-၁၉၇၈ ဖြစ်ပါကြောင်း။

**၁၇-၈-၁၉၇၈**

## အမည်မှန်

ကချင်ပြည်နယ်၊ ဇန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ရီခူးမန်ခမ်ကျေးရွာနေ (ဘ) ဦးမောင်မောင်မျိုး ၁/မစန(နိုင်)၀၅၁၄၀၄ ၏သမီး မရှိန်နီဇဲန်းဂျာ၏ အမည်မှန်မှာ မရှင်နီဇဲန်ဂျာ ဖြစ်ပါကြောင်း။

**မရှင်နီဇဲန်ဂျာ**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ပညာတန်ဆောင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-2 တွင် ပညာသင်ကြားနေသော မဖြိုးသီရိကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဟိန်း ၉/မတရ(နိုင်)၁၉၂၃၃၀ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

မက်မန်းမြို့နယ်၊ မန်ဝိန်းကျေးရွာအုပ်စု၊ ကွန်ဟောင်းကြီးကျေးရွာနေ၊ အဘ ဦးကောလိန်၏ သမီးဖြစ်သူ နန်းခမ်းမတ် ၁၃/ပယန(နိုင်)၀၀၇၉၉၉ ၏ မွေးသက္ကရာဇ် အမှန်မှာ ၇-၁၁-၁၉၈၆ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (၁၂/၇ တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၅၉၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၅၈ ဧကအား ခရိုင်ဗြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (မြို့မြေကွက်ချထားရေး ကြီးကြပ်မှုကော်မတီ)မှ ဒေါ်မမ ၉/မနမ(နိုင်)၀၆၂၅၄၁ အမည်ဖြင့် ချထားပေးခဲ့သော မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း ပျောက်ဆုံးနေသော်လည်း ယင်းမြေကွက်အား ၎င်းညီမဖြစ်သူ ဒေါ်မိုးမိုး ၉/မရမ(နိုင်)၀၉၀၈၄၂ မှ ဝယ်ယူပိုင်ဆိုင်ပြီး Genral Power ရရှိထားပါသဖြင့် ဒေါ်မိုးမိုး မသိရှိဘဲ ရောင်းချခြင်း/ပေါင်နှံခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဦးကျော်ဆန်း | ဒေါ်မိုးမိုး |
| --- | --- |
| ၉/မထလ(နိုင်)၁၈၀၅၇၈ | ၉/မရမ(နိုင်)၀၉၀၈၄၂ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁) အကွက်အမှတ်(၂၃/လုံလော့ရပ်)၊ ဦးပိုင်(၂/ည)၊ ဧရိယာ ၀ ဒသမ ၂၄၆ ဧကရှိမြေဂရန် အမှုတွဲအမှတ် ၁၃၈-၅/၂၀၀၄-၂၀၀၅(အေ) ဖြင့် ဒေါ်ဆွဲမိခင် ၁၃/လရန(နိုင်)၀၈၃၄၁၉ နှင့် ဒေါ်ငယ်ငယ်ထွေး ၁၃/လရန(နိုင်)၀၀၂၉၅၄တို့ နှစ်ဦးမှ အမည်ပေါက် ပိုင်ဆိုင်ထားသောမြေကွက်ကို ၎င်းတို့နှစ်ဦး၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးကြည်ဝေလင်း ၁၃/လရန(နိုင်)၁၃၁၆၅၉ မှ အရောင်းအဝယ်စာချုပ်အမှတ်(၄၇၄I/၂၀၂၃)ဖြင့် ဒေါ်ဖြူမြင့်အောင် ၁၃/နခန(နိုင်)၀၇၁၁၀၁ ထံသို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ ဒေါ်ဖြူမြင့်အောင်မှ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ခရိုင်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ အမှတ်(၄/၁၁၀)၊ ကောင်းရုံးလမ်းနေ ကျွန်တော် ဦးလောက်ချို(ဘ)ဦးဝမ်းခိုင် ၁၃/လရန(နိုင်)၀၅၇၀၀၉သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးစိုးနိုင် (ဘ) ဦးဘခင် ၁၃/လလန(နိုင်)၀၅၀၁၃၅ အား ၄-၅-၂၀၂၃ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၇၂VI/၂၀၂၃) ဖြင့် လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယနေ့(ကြေညာပါသည့်ရက်)မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလောက်ချို**
**၁၃/လရန(နိုင်)၀၅၇၀၀၉**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ စံပယ်လမ်း၊ မ/၉၂ နေ ဦးကျော်အေး (ခ) ဦးမာမက်အီစွက် ၁၃/တကန(နိုင်)၁၄၀၇၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဂရန်အမှုတွဲအမှတ်-၁၀/၂၀၀၀-၂၀၀၁ အရ ဦးကျော်အေး(ခ) ဦးမာမက်အီစွက် ၁၃/တကန(နိုင်)၁၄၀၇၀၀ အမည်ဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်းအကွက်အမှတ်နှင့်အမည် (၈၁-က/အင်တောရပ်)၊ မြေကွက် အမှတ်-၄၂၊ ၄၃၊ ၄၄ ၊၆၅၊ ၆၆၊ ၆၇၊ ဦးပိုင်အမှတ် - ၁၆ ၊ ဧရိယာ ၀ ဒသမ ၃၃၀ ဧက မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထားရှိပါသည်။ ထိုဦးကျော်အေး(ခ)ဦးမာမက်အီစွက် အမည်ပေါက် ဂရန်မူရင်းနှင့် မြေကွက်ဥပစာအား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်အေး (ခ) ဦးမာမက်အီစွက် လက်ရောက်လက်ဝယ်ရယူခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေဥပစာ၏ ဂရန်အမှုတွဲအမှတ်-၁၀/၂၀၀၀-၂၀၀၁(ဂရန်မူရင်း )မှာ ပျောက်ဆုံးနေပါသည်။

ထိုဂရန်အမှုတွဲအမှတ်-၁၀/၂၀၀၀-၂၀၀၁ ဂရန်မူရင်း ပျောက်ဆုံးနေပါသောကြောင့် အထက်ဖော်ပြပါအိမ်မြေဥပစာနှင့်ပတ်သက်၍ ဂရန်အမည်ပြောင်း လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးသို့ လျှောက်ထားဆောင်ရွက်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ထို့ပြင် ထို ဂရန်အမှုတွဲအမှတ်-၁၀/၂၀၀၀-၂၀၀၁ ဂရန်မူရင်းအား ကျွန်ုပ်တို့၏မိတ်ဆွေ သိရှိခြင်းမရှိဘဲရယူထားပါက သက်ဆိုင်ရာဌာနသို့ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ထပ်လောင်းကြေညာအပ်ပါသည်။

**ဦးကျော်အေး(ခ)ဦးမာမက်အီစွက်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းဖစ်မွန်း (LL.B, LL.M) ဒေါ်မေခိုင်ထွန်း (LL.B) ဒေါ်မေဖူးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂) (စဉ်-၅၄၃၁၄/၉-၄-၂၀၂၁) (စဉ်-၅၄၅၃၇/၂၅-၁၁-၂၀၂၁)**
**အခန်း ၃၅ ၊ အလက ၁၁ တိုက်တန်း၊ ဘုရင့်နောင်လမ်း၊**
**ကံရှေ့ရပ်ကွက်၊ တောင်ကြီးမြို့။**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၂

| ဒေါ်လောင်းရှို | နှင့် | ဒေါ်ခင်မြင့် |
| --- | --- | --- |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဘဘ-၉)၊ မြရည်နန္ဒာရပ်ကွက်နေ ဒေါ်ခင်မြင့် (ဘ) ဦးကန်ဝှက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဒေါ်လောင်းရှိုက "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထိုက်ထိုက်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ကသာမြို့နယ်၊ ကျန်တောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(O.S.S/ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ ၁ ဒသမ ၂၅ ဧကရှိ မြေနေရာအား ကသာမြို့၊ ပတ္တမြားရပ်ကွက်နေ ဒေါ်ဖြူဖြူစမ်း ၁/ဗမန(နိုင်)၀၅၀၂၂၂ (ဘ)ဦးဆင့်ရှိမှ စက်မှု/စီးပွားမြေငှားဂရန်ထုတ်ပေးနိုင်ရေး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကသာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကသာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/62287 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/04841 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/40329 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar CO.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/57046 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ ၉/မနမ(နိုင်)၀၃၀၀၇၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/3432 Toyota AX10 NRE160 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဝေဖူး ၁၂/သကတ(နိုင်)၁၆၅၀၂၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1479 ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်းနော်ဂျာ ၁/မကန(နိုင်)၁၄၇၇၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအတွင်းရှိ ဦးကျော်တင့် အမည်ပေါက်ပိုင်ဆိုင်သော ကွင်းမှတ် - ၅၁၂၊ ကွင်းအမည် - ကန်ကောက်ကန်တွင်း ကွင်း၊ မြေအမျိုးအစား-လယ်မြေ၊ ဦးပိုင်အမှတ်(၉၀)၊ ပုံစံ(၇)ပါဧရိယာ ၃ ဒသမ ၆၀ ဧကရှိ လယ်မြေမြေပြင်ရှိ အတိုင်းအတာအရ ၂ ဒသမ ၉၇ ဧကခန့်အား ဦးကျော်တင့် တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့်အပြင် ဦးကျော်တင့်၏ သမီးဖြစ်သူ (တရားဝင် အထူးကိုယ်စားလှယ်ရသူ) ဒေါ်နန်းဟွမ်ခမ်းမှ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် လယ်/ယာမြေ လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးခိုင် ၅/ခတန(နိုင်)၀၀၀၈၂၇ မှ အထက်ဖော်ပြပါ လယ်/ယာမြေ လုပ်ပိုင်ခွင့်ရသည့် လယ်မြေကွက်၏ မြောက်ဘက်အခြမ်း ၀ ဒသမ ၉၇ ဧကခန့်၏ လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူမည်ဖြစ်သည့်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ လုပ်ပိုင်ခွင့် အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လုပ်ပိုင်ခွင့်နှင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စများအားဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ဌာနဆိုင်ရာကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးကိုကိုဇော် (LL.B)**
**(စဉ်-၁၇၃၅၇)**
**တရားလွှတ်တော်ရှေ့နေ**
**၃၆(C)၊ ၅၂ x ၅၃ လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၀၇၈၅၅၈၇**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
| --- | --- | --- | --- | --- | --- | --- | --- |
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးညွန့်လှိုင် | ပုသိမ် | ရပ်ကွက်-၁ | ၅၁/အကောက်ဆိပ်တောင် | ၇-ခ | ၀.၀၄၈ | သက်တမ်းတိုး |
| ၂ | ဦးတင်ထွန်းအောင်-ဒေါ်ခင်သစ်လွင် | ပုသိမ် | ရပ်ကွက်-၁၃ | ၁၆၃-စီ/ရုံးရပ်ကွက် | အီး-၄ | ၀.၀၈၃ | အသစ် |
